မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၈ခုနှစ်၊ မတ် ၃ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၅၅)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘူလ်ဂေးရီးယားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၃

၂၀၀၈ ခုနှစ် မတ် ၃ ရက်၌ ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျော်ဂျီ၊ ပါဗာနော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘူလ်ဂေးရီးယားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၃

၂၀၀၈ ခုနှစ် မတ် ၃ ရက်၌ ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆာဂီ၊ စတန်နီရှက်ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထားဝယ်မြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး ဆေးပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒေသခံပြည်သူများ စီးပွားရေးတောင့်တင်းခိုင်မာပြီး တစ်ဦးချင်းဝင်ငွေ တိုးတက်ရေး စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် သတ္တုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ကြိုးပမ်း

နိုင်ငံတော်ကို ဘက်စုံပြုပြင်ပြောင်းလဲတည်ဆောက်ရာ၌ ညီညီညွတ်ညွတ် ဦးထမ်းပဲ့ထမ်းဆောင်ရွက်

နေပြည်တော် မတ် ၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မတ် ၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ တနင်္သာရီတိုင်း ထားဝယ်မြို့သို့ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ထားဝယ်လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ လေဆိပ်ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် တာဝန်ရှိသူတို့က ထားဝယ်လေဆိပ်သမိုင်းကြောင်း၊ လေယာဉ်ပြေးလမ်းသစ် ပေ (၁၂၀၀၀ X၂၀၀) ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးနှင့် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးတို့က ထားဝယ်လေဆိပ်နှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နည်းပညာတက္ကသိုလ်(ထားဝယ်)။
(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

3-3 (01) 1 3/3/08, 1:30 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၃ ရက်)

တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝမြင့်မားရေး မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားအကျိုးစီးပွား တိုးပွားစည်ပင်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် အစီအမံများချမှတ်ပြီး ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးလုပ်ငန်းသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။ ထိုသို့တည်ဆောက်ရာတွင် နိုင်ငံတော်နှင့်အတူ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့က တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်လျက်ရှိ သည်။

နိုင်ငံတော်က ဆောက်လုပ်ရေးလုပ်ငန်းရှင်များကို တည်ဆောက်ရေးလုပ်ငန်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်စွမ်းဆောင်နိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးခဲ့သဖြင့် လုပ်ငန်းများအရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလာခဲ့သည်။

ယခုအခါ ခေတ်မီအထပ်မြင့်အဆောက်အအုံများ၊ အဆင့်မြင့်အိမ်ရာများ၊ စီးပွားရေးဗဟိုဌာနများ၊ ခေတ်မီကုန်တိုက်ကြီးများ၊ ဟိုတယ်ကြီးများ၊ နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်းနှင့် အပန်းဖြေဥယျာဉ်များ စသည့်မြို့ပြ၏ ကျက်သရေဆောင်အဆောက်အအုံများ နိုင်ငံအနှံ့ ခံ့ညားထည်ဝါစွာ ပေါ်ထွက်လာခဲ့ပြီ ဖြစ်သည်။

ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုင်းရင်းသားလုပ်ငန်းရှင်များကလည်း နိုင်ငံတော်၏ စေတနာမှန်ကို တုံ့ပြန်ပြီး တိုင်းကျိုးပြည်ဆောင် လုပ်ငန်းများ၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ဘာသာ သာသနာထွန်းကားပြန့်ပွားရေး လုပ်ငန်းများတွင် နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်လာကြသည်။

သို့ဖြစ်ရာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ လူနေမှုဘဝ တိုးတက်မြင့်မားစေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်များက လက်တွဲပူးပေါင်းကာ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ကြီး ပိုမိုဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရေနံချောင်းမြို့ရှိ သက်တမ်း(၉၄)နှစ်ရှိပြီဖြစ်သော သာသနာ့ဟိတ စတုပစ္စယ ရိုးမနေ့စဉ်ဆွမ်းလောင်းအသင်းကြီးအား ဆွမ်းပဒေသာငွေပင် ငွေရင်းအဖြစ် ဆုံတိုက်ရပ်နေ ဦးထွေး-ဒေါ်ဖော့နှင့် သားသမီး၊ မြေးမြစ်တစ်စု တို့က ငွေကျပ်သိန်း၂၀ကို ဖေဖော်ဝါရီ ၂၁ရက်က အသင်းတိုက်သို့ လာရောက်လှူဒါန်းစဉ်။ (ဆက်သွယ်လှူဒါန်းလိုပါက အသင်းတိုက်ရုံး မြို့မမြောက် လမ်းမတော် ဖုန်း-၀၆၀-၂၁၃၇၁ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။) (၂၉၈)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာတက္ကသိုလ်(မှော်ဘီ) သုံးထပ်ပင်မ စာသင်ဆောင် တည်ဆောက်ခြင်းလုပ်ငန်း အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားတွင် အုတ်မြစ်ကမ္ဗည်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းစဉ်။ (သတင်းစဉ်)

နည်းပညာတက္ကသိုလ်(မှော်ဘီ)စာသင်ဆောင် အုတ်မြစ်တော်စီ အခမ်းအနား ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းတက်ရောက်

နေပြည်တော် မတ် ၂

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာတက္ကသိုလ်(မှော်ဘီ) သုံးထပ်ပင်မစာသင်ဆောင် တည်ဆောက်ခြင်းလုပ်ငန်း အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါစာသင်ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက မင်္ဂလာရွှေအုတ်ကို အုတ်မြစ်စီ၍ အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးပြီး Max Myanmar Co.,Ltd. ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီးမှ အုတ်မြစ်စီပေးကြပြီး တိုင်းမှူးက နဝရတ်ကိုးသွယ် ရတနာငွေကြုတ်ကို ထည့်သွင်းပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အုတ်မြစ်ကမ္ဗည်းကို စီပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။ ယင်းနောက် ရှင်းလင်းဆောင်၌ တိုင်းမှူးအား Max Myanmar Co.,Ltd. ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် နည်းပညာတက္ကသိုလ်(မှော်ဘီ) ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာစိုင်းကျော်နိုင်ဦးတို့က ပင်မစာသင်ဆောင် တည်ဆောက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၃-၃-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅	၆။	မျိုးချစ်တပ်မတော်
၄း၅၀	၇။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၂၀	၈။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၅း၃၀	၉။	ဗွီစီဒီကျော်ကြားတေးများ
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** အပိုင်း(၇၈)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသ သတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မေးမြန်းစူးစမ်း
	၂၀။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိမ်းငှက် သူရဲကောင်း** (ဒုတိယတွဲ)(အပိုင်း-၃၈)

တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဂုဏ်ထူးရသူများ ဆုချီးမြှင့်မည်

ရန်ကုန် မတ် ၂

၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် သုံးဘာသာနှင့် သုံးဘာသာအထက် ဂုဏ်ထူးရရှိခဲ့ကြသော ရန်ကုန်တိုင်းအတွင်းရှိ ဟိန္ဒူဘာသာဝင် ကျောင်းသား ကျောင်းသူများအား မတ်လနောက်ဆုံးပတ်တွင် ဂုဏ်ပြုဆုများ ချီးမြှင့်မည်ဖြစ်ရာ ဆုရရှိသူများသည် မတ်၁၅ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်(ယာယီ) ဥက္ကဋ္ဌဦးမောင်ရွှေ အမှတ်၇၇ (ပထပ်)ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ် ဖုန်း-၂၅၃၆၀၁နှင့် ဖုန်း-၂၄၅၂၀၁တို့သို့ အထောက်အထား အပြည့်အစုံဖြင့် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

သွေးဆေးကန် အရှင်နန္ဒာစရိယ(ခက်သင်) အထူးတရားစခန်းပွဲ

ရန်ကုန် မတ် ၂

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ သွေးဆေးကန်ဆရာတော် အရှင်နန္ဒာစရိယ(ခက်သင်) သာသနဓဇ ဓမ္မာစရိယ၊ ဂဏဝါစကဓမ္မာစရိယသည် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် တလိုင်မီကျေးရွာ ဓမ္မပါလကျောင်းဆရာတော် ဘဒ္ဒန္တဝိမလ၏ ဩဝါဒကို ခံယူလျက် (တပေါင်းလပြည့်ကျော် ၇ရက်မှ ၁၃ရက်အထိ) ပထမအကြိမ် ကျင်းပမည့် မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိသ္သယအတိုင်း ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပာဒ်နှင့်သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

သတ္တမအကြိမ် ရွှေညဝါ သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းရှိ သာဓုပရိယတ္တိစာသင်တိုက်၌ သတ္တမအကြိမ် ဓမ္မာစရိယနှင့် အဘိဓမ္မာ ရွှေညဝါဆရာဖြစ်သင်တန်းတို့ကို ဧပြီ ၂၄ရက်မှ ဇွန် ၃ရက်အထိ ရက်ပေါင်း ၄၀ တိုင်တိုင် ဖွင့်လှစ်ပို့ချမည် ဖြစ်သည်။ သင်တန်းတက်ရောက်လိုသော သံဃာတော်များသည် ကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ဖုန်း-၀၁-၅၁၀၅၆၆သို့ ဆက်သွယ်နိုင်ပြီး တက်ရောက်ခွင့် လျှောက်လွှာပုံစံများကို မတ် ၂၀ရက် နောက်ဆုံးထား ထုတ်ယူနိုင်ကြောင်း သိရသည်။ (က-ပ)

ပြည်နယ်နှင့်တိုင်းအလိုက် လယ်ယာကဏ္ဍဖွံ့ဖြိုးရေး ဖြစ်ထွန်းနိုင်သော အမယ်သစ်သီးနှံများစိုက်ပျိုး

* ရှေ့ဖုံးမှ

ကြည့်ရှုစစ်ဆေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး လေယာဉ်ပြေးလမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ထားဝယ်မြို့ မြို့တော်ခန်းမသို့ သွားရောက်ကြပြီး ထားဝယ်ခရိုင်နှင့် ထားဝယ်၊ လောင်းလုံး၊ ရေဖြူ၊ သရက်ချောင်းမြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ထို့ပြင် မိုင်ပေါင်း ၄၀၀ကျော်ရှိသည့် ထားဝယ်-မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းကားလမ်းကို ပြည်ထောင်စုလမ်းမကြီးအဖြစ် ခက်ခက်ခဲခဲ ဖောက်လုပ်ပေးခဲ့ကြောင်း။

လက်တွေ့အသုံးချ

ယင်းလမ်းတစ်လျှောက် လိုအပ်သော မြစ်ကူး ချောင်းကူးတံတားကြီးများဖြစ်သည့် ဝင်းဝတံတား၊ ပလောက်တံတား၊ ပုလောတံတား၊ ကျွဲကူး-ကျောက်ဖျာတံတား၊ ပသောင်းတံတား၊ တနင်္သာရီတံတား၊ လေညာမဏ္ဍိုင်တံတားတို့ကို တည်ဆောက်ပေးခဲ့ရာ ယခုအခါ ထားဝယ်-မြိတ်မှ ကော့သောင်းအထိ ရှည်လျားလှသော ကားလမ်းကို ပြည်သူများ လက်တွေ့အသုံးချနေကြရပြီဖြစ်ကြောင်း။

အားထုတ်ကြိုးပမ်း

တနင်္သာရီတိုင်းဆိုလျှင် ယခုအခါ ဆန်စပါးဖူလုံသည့်အဆင့်သို့ ရောက်ရှိလာပြီဖြစ်ရာ ခရိုင်အလိုက်၊ မြို့နယ်အလိုက် ဆန်စပါးဖူလုံအောင် ထပ်ဆင့်အားထုတ်ကြိုးပမ်းကြရန် လိုကြောင်း။

တနင်္သာရီတိုင်းသည် ရေမြေရာသီဥတု အခြေအနေပေးသည့် စိုက်ပျိုးရေးကဏ္ဍ၊ ရေလုပ်ငန်းကဏ္ဍ၊ သတ္တုကဏ္ဍတို့ကို ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ကြိုးပမ်းလုပ်ကိုင်နိုင်သည်နှင့်အမျှ ဒေသခံပြည်သူတို့၏ စီးပွားရေးအခြေအနေသည် တောင့်တင်းခိုင်မာလာပြီး လူတစ်ဦးချင်း၏ ဝင်ငွေမှာလည်း တိုးတက်လာမှာဖြစ်ကြောင်း။

နိုင်ငံတော်အပိုင်းက ဆောင်ရွက်ပေးသင့်သည်များကို ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

ရင်းနှီးတည်ဆောက်

တနင်္သာရီတိုင်းအတွင်း ပညာတတ်များပေါ်များပြီး ကျန်းမာကြံ့ခိုင်သော လူ့အရင်းအမြစ်များ လုံလုံလောက်လောက် ဖြစ်ထွန်းရေးအတွက် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍတို့၌လည်း လိုအပ်သောအခြေခံကောင်းများကို ရင်းနှီးတည်ဆောက်ပေးလျက်ရှိနေကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထားဝယ်လေယာဉ်ပြေးလမ်းသစ် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖူလုံပိုလျှံ

တွေ့ဆုံပွဲတွင် ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမင်းက ထားဝယ်ခရိုင်၏ အကျယ်အဝန်းနှင့် လူဦးရေ၊ ဒေသဝမ်းစာဖူလုံပိုလျှံမှု၊ ဆီအုန်း၂၇၇၄၃ဧကေ၊ ရော်ဘာ၆၇၂၆၄ဧက၊ ငရုတ်ကောင်း ၁၅၂၀ဧက နှင့် ခြံစည်းရိုးကြက်ဆူ၇၃၅၆ဧက စိုက်ပျိုးပြီးစီးမှု၊ ရေထွက်ပစ္စည်းထုတ်လုပ်နိုင်မှုနှင့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက ဒေသဝမ်းစာဖူလုံရေးအတွက် ထားဝယ်ခရိုင်က အားထားရသည့်အခြေအနေများ၊ ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်း ဆက်လက်တိုးချဲ့စိုက်ပျိုးသွားရန်စီစဉ်ထားမှုများ၊ ပွင့်လင်းရာသီအတွင်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

သယံဇာတပေါ်များ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က တနင်္သာရီတိုင်းသို့ လာရောက်ရသည့်ခရီးစဉ်၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မှာကြားရာတွင် တနင်္သာရီတိုင်းသည် မြေသယံဇာတ၊ ရေသယံဇာတ၊ သတ္တုနှင့် သစ်တောသယံဇာတပေါ်များသည့် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်ကြောင်း။

သဘာဝအနေအထားအရ ပင်လယ်ပြင်မှ ငါး၊ ပုစွန်ရေသယံဇာတများကို ရှာဖွေဖမ်းယူရရှိနိုင်သကဲ့သို့ ငါး၊ ပုစွန်မွေးမြူရေးကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်နိုင်ကြောင်း၊ သတ္တုသိုက်များရှိသဖြင့် တစ်ချိန်က ထားဝယ်ဒေသသည် သတ္တုထုတ်လုပ်မှု၌ နာမည်ရှိခဲ့ကြောင်း။

ထို့ပြင် ရော်ဘာ၊ ငရုတ်ကောင်းနှင့် ဆီအုန်းကို စီးပွားဖြစ်စိုက်ပျိုးရန် ရေ၊ မြေ၊ ရာသီဥတုအခြေအနေပေးသည့် ဒေသလည်းဖြစ်ကြောင်း။

သို့ရာတွင် နှစ်ပေါင်းများစွာ နယ်မြေတည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းတို့ကြောင့် သဘာဝသယံဇာတများကို အကျိုးရှိ ထိရောက်စွာ အသုံးမချနိုင်ခဲ့ကြောင်း။

အခြေခံလိုအပ်ချက်

နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်အတွက်ရော၊ ဒေသခံတိုင်းရင်းသားပြည်သူများအတွက်ပါ သယံဇာတအခြေခံများဖြင့်ပြည့်စုံသော တိုင်းနယ်မြေဖြစ်သည့်အတွက် အမှန်တကယ် ကြိုးစားအလုပ်လုပ်မည်ဆိုပါက တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ အားအထားရဆုံး တိုင်းတစ်တိုင်း၊ ဖွံ့ဖြိုးတိုးတက်မှုအားကောင်းသော တိုင်းတစ်တိုင်းဖြစ်လာနိုင်သည်ဟု မြော်မြင်တွက်ဆ လမ်းညွှန်ခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း။

တနင်္သာရီတိုင်း၌ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု ကျယ်ကျယ်ပြန့်ပြန့်ရရှိအောင်၊ အုပ်ချုပ်ရေးအာဏာစက်ကို နယ်စပ်ဒေသအထိ ကျယ်ပြန့်ထိရောက်အောင် အလေးထား ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ ရာခိုင်နှုန်းပြည့်နီးပါးခန့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းခဲ့ပြီဖြစ်ကြောင်း။

တစ်ချိန်တည်းမှာပင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားအခြေခံလိုအပ်ချက်ဖြစ်သော လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးကိုလည်း ဦးစားပေးဆောင်ရွက်ပေးခဲ့ကြောင်း။

ရေးမြို့၌ နှစ်ပေါင်းများစွာ အဆုံးသတ်ထားသည့် ရထားလမ်းကို ထားဝယ်မြို့အထိ တိုးချဲ့ဖောက်လုပ်ပြီး ၁၉၉၈ခုနှစ်၌ မိုင်ပေါင်း ၁၀၀ကျော်သည့် ရေး-ထားဝယ် ရထားလမ်းကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်၏ မြောက်ဘက်စွန်းပူတာအိုမှ တောင်ဘက်စွန်း ကော့သောင်းအထိ တောတောင်အထပ်ထပ်၊ မြစ်ချောင်းအသွယ်သွယ်ကို ဖြတ်သန်းဖောက်လုပ်ထားသော ကားလမ်းသည် ယနေ့မျက်ဝါးထင်ထင် တည်ရှိနေပြီဖြစ်ကြောင်း။

လိုက်လျောညီထွေ

အလားတူပင် လေကြောင်းဆက်သွယ်ရေးကောင်းမွန်ရန် ထားဝယ်၊ မြိတ်၊ ကော့သောင်းလေဆိပ်တို့ကို တိုးချဲ့ပြင်ဆင်ခဲ့ပြီး ဘုတ်ပြင်းလေယာဉ်ကွင်းသစ်ကိုလည်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ ဒေသ၏စီးပွားရေး၊ လူမှုရေးအခြေအနေများသည် လိုက်လျောညီစွာ တိုးတက်လာလျက်ရှိကြောင်း၊ လုံခြုံမှုနှင့် လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရင်း ဒေသ၏ ရေမြေအခြေအနေအရ ဖြစ်ထွန်းနိုင်သော ဆီအုန်း၊ ရော်ဘာနှင့် ငရုတ်ကောင်းတို့ကို စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးလာရန် ခွင့်ပြုအားပေးခဲ့ကြောင်း။

ဆီအုန်းစိုက်ပျိုးမှု

ဆီအုန်းဧက ငါးသိန်းစိုက်ပျိုးခြင်းဖြင့် တနင်္သာရီတိုင်းကို နိုင်ငံတော်၏ ဆီအိုးဖြစ်လာအောင် ရည်မှန်းဆောင်ရွက်ရန် တာဝန်ပေးထားရာ ယခုအခါ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ဆီအုန်းစိုက်ပျိုးမှုသည် ဧကနှစ်သိန်းနီးပါးခန့် ရှိလာပြီဖြစ်ကြောင်း။

ထို့အတူ ရော်ဘာကို ဧကနှစ်သိန်းကျော်အထိ တိုးချဲ့စိုက်ပျိုးရန် ရည်မှန်းချက်ပေးခဲ့ရာ ယခုအခါ ဧက၁၇၀၀၀၀ကျော် စိုက်ပျိုးထားပြီးဖြစ်သကဲ့သို့ ငရုတ်ကောင်းစိုက်ဧကမှာလည်း ဧက၃၅၀၀၀ခန့် ရှိလာပြီဖြစ်ကြောင်း။

အလေးပေးဆောင်ရွက်

မိမိတို့နိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးကို အခြေခံရဦးမည်ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဘက်စုံမှအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်နယ်၊ တိုင်းအလိုက် လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ ဖြစ်ထွန်းနိုင်သော အမယ်သစ်သီးနှံများ စိုက်ပျိုးရေး၊ ဒေသအလိုက် စားနပ်ရိက္ခာဖူလုံရေးတို့ကို အားပေးဆောင်ရွက်လျက်ရှိကြောင်း။

စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို တိုးချဲ့တည်ဆောက်ခဲ့ရာ ယခုအခါ ဆည်တမံလုပ်ငန်းပေါင်း၂၀၈ခု၊ မြစ်ရေတင်လုပ်ငန်းပေါင်း ၃၀၅ခု၊ မြေအောက်ရေရရှိရေးလုပ်ငန်းပေါင်း၁၀၂၃ခုအထိ တည်ဆောက်ထူထောင်ပေးခဲ့ပြီးဖြစ်ကြောင်း။

တိုးတက်လာ

ထို့ကြောင့် ၁၉၈၈ခုနှစ်၌ နိုင်ငံတော်တွင် ရေသွင်းစိုက်ဧက ၁ဒသမ၄သန်းခန့်ရှိရာမှ ယခုအခါ ဧကငါးသန်းခန့်အထိ တိုးတက်လာကြောင်း၊ သီးနှံစိုက်ဧရိယာဧကများလည်း ၁၆၂ရာခိုင်နှုန်းခန့်အထိ တိုးတက်လာကြောင်း။

စပါးစိုက်ဧကမှာလည်း ယခင်က ဧက၁၂သန်းခန့်ရှိရာမှ ယခုအခါ ဧကသန်း၂၀ကျော်အထိ တိုးချဲ့စိုက်ပျိုးနိုင်ပြီး စပါးတင်းသန်း၁၅၀၀ ထုတ်လုပ်နိုင်ရာ နိုင်ငံတော်၌ ပြည်တွင်းစားသုံးရန် ဆန်စပါးဖူလုံရုံသာမက ပိုလျှံလျက်ရှိကြောင်း။

တစ်နိုင်ငံလုံး ဆန်စပါးဖူလုံပိုလျှံမှုကို ပိုမိုခိုင်မာလာစေရန် ပြည်နယ်၊ တိုင်း နယ်မြေအလိုက် ဒေသဆန်ဖူလုံမှုရှိအောင် တိုက်တွန်းအားပေးလျက်ရှိကြောင်း။

တစ်နိုင်ငံလုံး၌ အခြေခံပညာကျောင်းပေါင်း ၄၀၅၅၃ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ယခင်က ကျောင်းသား ၅ဒသမ၂သန်းကျော်ရှိခဲ့ရာမှ ယခု အခြေခံပညာကျောင်းသားပေါင်း ၇ဒသမ၈သန်းကျော်အထိ ရှိလာကြောင်း။

တိုးမြှင့်ဖွင့်လှစ်

ထို့အတူ အဆင့်မြင့်ပညာသင်ကြားပေးသည့် တက္ကသိုလ်များကိုလည်း တိုးမြှင့်ဖွင့်လှစ်လျက်ရှိကြောင်း၊ ယခင်က တက္ကသိုလ်၊ ကောလိပ် ၃၂ခုရှိရာမှ ယခု ၁၅၆ခုအထိရှိလာကြောင်း၊ ၁၉၈၈ခုနှစ်မှ ယနေ့အထိ ဘွဲ့ရပညာတတ် ၁၃ဒသမ၆သိန်းကျော် မွေးထုတ်နိုင်ခဲ့ကြောင်း။

တနင်္သာရီတိုင်း၌ အခြေခံပညာကျောင်းပေါင်း ၉၆၂ ကျောင်းရှိခဲ့ရာမှ ယခု ၁၁၃၇ကျောင်းအထိလည်းကောင်း၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်နှစ်ခု၊ နည်းပညာတက္ကသိုလ်နှစ်ခု၊ ကွန်ပျူတာတက္ကသိုလ်နှစ်ခုနှင့် ပညာရေးကောလိပ်တစ်ခုစသည်ဖြင့် အဆင့်မြင့်ပညာကျောင်းများကိုလည်းကောင်း တိုးချဲ့မြှင့်တင်ထားပြီးဖြစ်ကြောင်း။

အဆင့်မြှင့်တင်

ဆေးရုံဆေးပေးခန်းများကို တိုးချဲ့တည်ဆောက်လျက်ရှိသကဲ့သို့ ဆေးရုံများကိုလည်း အဆင့်မြှင့်တင်ပေးလျက် ရှိကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်မှာ နိုင်ငံသားတိုင်း သက်တမ်းစေ့ ကျန်းမာသက်ရှည်ရန်ဖြစ်ကြောင်း။

ယခုဆိုလျှင် တစ်နိုင်ငံလုံး၌ ဆေးရုံပေါင်း ၈၃၉ ခုရှိနေပြီး ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆေးတက္ကသိုလ်များအပါအဝင် ဆေးဘက်ဆိုင်ရာတက္ကသိုလ်ပေါင်း ၁၆ခုဖွင့်လှစ်၍ ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း။

တနင်္သာရီတိုင်းအတွင်း၌ပင် ခုတင်(၂၀၀)ဆံ့ဆေးရုံနှစ်ရုံ၊ ခုတင်(၁၀၀)ဆံ့ဆေးရုံတစ်ရုံ၊ ခုတင်(၅၀)ဆံ့ ဆေးရုံသုံးရုံ၊ (၂၅)ခုတင်ဆံ့ ဆေးရုံနှစ်ရုံ၊ (၁၆)ခုတင်ဆံ့ မြို့နယ်ဆေးရုံနှစ်ရုံနှင့် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ၁၈ရုံတို့ကို ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း။

ဤသည်တို့မှာ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက ကြိုးစားတည်ဆောက်ထူထောင်ပေးထားသည့် အခြေအနေအကျဉ်းမျှသာဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် တနင်္သာရီတိုင်းအပါအဝင် ပြည်ထောင်စုကြီး၏ ပြည်နယ်၊တိုင်း အားလုံးတစ်ပြိုင်တည်း မျှမျှတတဖွံ့ဖြိုးလာစေလိုသည့် စေတနာ ရည်မှန်းချက်အရ လုပ်ကိုင်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဦးထမ်းပဲ့ထမ်း

ယခုကဲ့သို့ နိုင်ငံတော်ကို ဘက်စုံကဏ္ဍစုံမှ ပြုပြင်ပြောင်းလဲတည်ဆောက်ရာ၌ နိုင်ငံတော်အစိုးရတစ်ဖွဲ့တည်းကသာ အစစတာဝန်ယူ တည်ဆောက်ပေးနေ၍မဖြစ်ဘဲ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ညီညီညွတ်ညွတ် ဦးထမ်းပဲ့ထမ်း တည်ဆောက်သွားကြရမှာဖြစ်ကြောင်း။

တိုင်းပြည်၏ သမိုင်းကြောင်း အလှည့်အပြောင်းအရ မိမိတို့အပေါ် ကျရောက်လာသော နိုင်ငံ့တာဝန်များကို နိုင်ငံတော်အစိုးရအနေဖြင့် မမိုတ်မသုန် တာဝန်ယူ၍ ကြိုးပမ်းအားထုတ်ထမ်းဆောင်လျက်ရှိရာ၌ တိုင်းရင်းသားပြည်သူများကလည်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လာခဲ့သည့်နည်းတူ ဆက်လက်၍လည်း ပူးပေါင်းတာဝန်ယူ ဆောင်ရွက်ရန်လိုအပ်ကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁

3-3 (03) 1 3/3/08, 1:30 AM

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ရပ်ဆိုင်းရေး အင်အားကြီးနိုင်ငံတို့ တားဆီးနိုင်မည်မဟုတ်

တီဟီရန် မတ် ၂

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ် ရပ်ဆိုင်းသွားစေရန် ကမ္ဘာ့အင်အားကြီးနိုင်ငံများက စွမ်းဆောင်နိုင်မည်မဟုတ်ကြောင်း အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ဖေဖော်ဝါရီ ၂၉ ရက်တွင် ပြောကြားလိုက်သည်။

ပြောကြား

အီရန်နိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီက ၎င်း၏နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ တတိယအကြိမ် ပိတ်ပင်အရေးယူရန် မဲခွဲဆုံးဖြတ်ခြင်းမပြုမီ တစ်ရက်အလိုတွင် အီရန်သမ္မတ အာမက်ဒီနီဂျက်က အထက်ပါအတိုင်း ပြောကြားခြင်း ဖြစ်သည်။

အီရန်က ၎င်း၏ နျူကလီးယားအစီအစဉ်ကို ရပ်ဆိုင်းရန် ငြင်းဆိုနေသည့်အတွက် ဆုံးဖြတ်ချက်သစ် တစ်ရပ် ချမှတ်ရန် မတ် ၁ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက မဲခွဲဆုံးဖြတ်မည်ဟု မျှော်လင့်ရကြောင်း လုံခြုံရေးကောင်စီမှ အနောက်အုပ်စု သံတမန်များက ပြောဆိုသည်။

ချီးကျူးပြောဆို

အီရန်သမ္မတအာမက်ဒီနီဂျက်သည် နားကြားပြင်းကတ်စရာကောင်းသော မိန့်ခွန်းများပြောနေသည့်အတွက် အီရန်နိုင်ငံမှာ အထီးကျန်ဖြစ်စေသည်ဟု အတိုက်အခံအချို့က ဝေဖန်သည်။ သို့သော် သမ္မတ အာမက်ဒီနီဂျက်အား ထိပ်တန်းဘာသာရေးခေါင်းဆောင်တစ်ဦးက ဖေဖော်ဝါရီ ၂၉ရက်တွင် ချီးကျူးပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ပြင်သစ်ပန်းချီဆရာ ဗန်ဂိုး၏ ပန်းချီကား ဒေါ်လာသန်း ၃၀ ဖြင့် လေလံတင်ရောင်းမည်

ပါရီ မတ် ၁

ပြင်သစ်ပန်းချီဆရာ ဗန်ဂိုး၏ လက်ရာမြောက်ပန်းချီကားတစ်ချပ်ကို ပထမဆုံးအကြိမ်အဖြစ် ဈေးကွက်သို့ လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း မတ် ၁ရက်က အင်တာနက် သတင်းတွင် ဖော်ပြသည်။

ကလေးနှင့်လိမ္မော်သီးဟု အမည်ပေးထားသော အဆိုပါပန်းချီကားကို လေလံတင် ရောင်းချရေး အဖွဲ့က နယ်သာလန်နိုင်ငံ မာစထရစ်မြို့၌လာမည့် လတွင်ကျင်းပမည့် ဥရောပအနုပညာပြပွဲ၌လေလံတင်ရောင်းချသွားမည်ဟု ဆိုသည်။ လွန်ခဲ့သောနှစ်ပေါင်း ၉၀ ကျော်ကရေးဆွဲခဲ့သော ယင်းပန်းချီကားကို ကြမ်းခင်းဈေး အမေရိကန်ဒေါ်လာ သန်း၃၀ဖြင့် လေလံတင်ရောင်းချ သွားမည်ဖြစ်ကြောင်း သိရသည်။

ရေးဆွဲခဲ့

ပန်းချီဆရာဗန်ဂိုးသည် ယင်းပန်းချီကားကို၁၈၉၀ပြည့်နှစ်က ရေးဆွဲခဲ့သည်။ ၎င်းပန်းချီကားကို အသက် ၃၇နှစ်အရွယ် ဗန်ဂိုးက သူ့ကိုယ်သူ အဆုံးမစီရင်မီ တစ်လအလိုတွင်ရေးဆွဲခဲ့သည်ဟု ဆိုသည်။

နေထိုင်ခဲ့စဉ်

ယင်းပန်းချီကားမှာ ဗန်ဂိုးသည် တူဖြစ်သူနှင့်အတူ နေထိုင်ခဲ့စဉ် ရေးဆွဲခဲ့သော ပန်းချီကားများတွင် တစ်ကားအပါအဝင် ဖြစ်သည်။

နှစ်နှစ်အရွယ်

ယင်းပုံတူပန်းချီကားသည်ပါရီမြို့မြောက်ဘက်၂၅မိုင်အကွာ အော်ဗာကျေးရွာရှိ လက်သမားတစ်ဦး၏ သားအသက် နှစ်နှစ်အရွယ်ရှိ ရာအူးလ်လီဗက်၏ပုံ ဖြစ်သည်။ ဗန်ဂိုးသည် မကွယ်လွန်မီ ယင်းကျေးရွာ၌ တူဖြစ်သူနှင့်အတူ နေထိုင်ခဲ့သည်ဟုဆိုသည်။

(အင်တာနက်)

ဗြိတိန်နိုင်ငံမြောက်ပိုင်း ဟမ့်ပ်ရှိုင်းယားနယ်တွင် နှင်းများထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့မှုကြောင့်ဒေသခံတစ်ဦးက ခေါင်မိုးပေါ်မှနှင်းခဲများအားဖယ်ရှားနေသည်ကို ဖေဖော်ဝါရီ၂၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဗီတာမင်အီးဆေးလုံးများ အလွန်အကျွံသုံးစွဲမှု အဆုတ်ကင်ဆာဖြစ်ပွားမှုကို ပိုမိုတိုးပွားစေနိုင်

ကော်လိုရာဒို မတ် ၂

ဗီတာမင်အီးဆေးလုံးများအလွန် အကျွံသုံးစွဲခြင်းသည် အဆုတ်ကင်ဆာရောဂါဖြစ်ပွားမှုကို တိုးပွားစေနိုင်ကြောင်း သုတေသနပြု ဆန်းစစ်လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

အမေရိကန်ဆေးသုတေသနအဖွဲ့သည် တစ်နေ့လျှင် ဗီတာမင်အီး ဆေးလုံး ၄၀၀ဂရမ်အထိ ပုံမှန်စွဲ၍ သောက်သုံးသူ ၇၇၀၀၀အား သုတေသနပြုလေ့လာခဲ့ရာ ၂၈ ရာခိုင်နှုန်း အဆုတ်ကင်ဆာ ဖြစ်ပွားရန်တိုးလာကြောင်း လေ့လာတွေ့ရှိခဲ့သည်ဟု ဆိုသည်။

လူတို့သည်ခန္ဓာကိုယ်အတွင်းလိုအပ်သောဗီတာမင်ဓာတ်များကို ဆေးဝါးသုံးစွဲခြင်းထက် သစ်သီးဝလံ ဟင်းသီးဟင်းရွက်များ စားသုံးပေးခြင်းဖြင့်ဖြည့်ဆည်းပေးသင့်ကြောင်း ဆေးဝါးကျွမ်းကျင်သူတစ်ဦး၏ ပြောကြားချက်ကို အမေရိကန် ဆေးဂျာနယ်တစ်စောင်က ရေးသားဖော်ပြသည်။

အစားအစာများ စားသုံးရာတွင် အာဟာရမျှတစွာစားသုံးပေးခြင်းဖြင့် လိုအပ်သည့်ဗီတာမင်နှင့် သတ္တုဓာတ်များ ရရှိစေပြီး ကင်ဆာရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း ကော်လိုရာဒိုတက္ကသိုလ်မှ ဒေါက်တာကင်ဘိုင်ယားစ်က ပြောကြားသည်။

အဆိုပါ ဆေးသုတေသနပညာရှင်များသည် အသက် ၅၀နှင့် ၇၆နှစ်ကြားရှိ လူပေါင်း ၇၇၀၀၀အား ဗီတာမင်စီ၊ဖောလစ်အက်ဆစ်နှင့် ဗီတာမင်အီးသုံးစွဲမှုများကို လေးနှစ်ကြာလေ့လာခဲ့ကြသည်။ ယင်းလေ့လာချက်အရ လူပေါင်း၅၂၁ဦးမှာဗီတာမင်အီးကြောင့် အဆုတ်ကင်ဆာဖြစ်ပွားမှု တိုးလာသည်ဟု ဆိုသည်။ **(အင်တာနက်)**

အင်န်ဂျီအိုအဖွဲ့များအား ကန်တို့ အသုံးချနေ

လီမာ မတ် ၂

ဘိုလီးဗီးယားအစိုးရကို တိုက်ခိုက်ရန် မိမိတို့နိုင်ငံအတွင်းတွင်အမေရိကန်သံရုံးကတိုင်းရင်းသားခေါင်းဆောင်များနှင့်အင်န်ဂျီအိုအဖွဲ့အစည်းများကိုအသုံးချနေကြောင်း ဘိုလီးဗီးယားသမ္မတ မိုရာလက်စ်က ဖေဖော်ဝါရီ ၂၉ရက်တွင် စွပ်စွဲလိုက်သည်။

မိမိတို့နိုင်ငံ၌စစ်စခန်းဖွင့်ရန်အမေရိကန်တောင်းဆိုချက်ကိုငြင်းပယ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကိုမေလတွင်ပြည်သူ့ဆန္ဒခံယူပွဲကျင်းပအတည်ပြုတော့မည်ဖြစ်သဖြင့် အမေရိကန်အစိုးရက ထိုသို့ပြုလုပ်လာကြောင်း မိုရာလက်စ်က လူထုအစည်းအဝေးတွင် ပြောကြားလိုက်သည်။

အတိုက်အခံများက ဝေဖန်သည့် ယင်းဥပဒေသစ်ကို မေ၄ရက်တွင် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပရန် မိုရာလက်စ်က လူထုအစည်းအဝေး၌ လက်မှတ်ရေးထိုးသတ်မှတ်လိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်စစ်ပွဲအတွင်း အမေရိကန်ကုန်ကျစရိတ် ဒေါ်လာ ၃ထရီလီယံနှင့် ၅ထရီလီယံ ကြားရှိ

ဝါရှင်တန် မတ် ၂

စစ်အသုံးစရိတ်၊ ပိုမိုကျယ်ပြန့်သော စီးပွားရေးနှင့်တကွ တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များအား ဆယ်စုနှစ်များနှင့်ချီ၍ ဆေးဝါးကုသမှုနှင့် အကျိုးခံစားခွင့်များပေးမှု အပါအဝင် အီရတ်စစ်ပွဲမှာ အမေရိကန်တို့အဖို့ ဒေါ်လာ၃ထရီလီယံမှ ၅ထရီလီယံအကြား ကုန်ကျမည်ဖြစ်ကြောင်း ကိုလံဘီယာတက္ကသိုလ်မှ စီးပွားရေးပညာရှင် ပါမောက္ခ ဂျိုးဇက်စတစ်လစ်က ခန့်မှန်းပြောကြားခဲ့သည်။

အမေရိကန်ကွန်ဂရက်ရှေ့မှောက်၌ ဖေဖော်ဝါရီ ၂၈ရက်ကအစစ်ခံရာတွင် ပါမောက္ခဂျိုးဇက်စတစ်လစ်ကအထက်ပါအတိုင်း ပြောဆိုခြင်းဖြစ်သည်။

ယင်းသို့ ကုန်ကျစရိတ်များ တိုးရခြင်းမှာ အီရတ်စစ်ပွဲကို ဆက်လက်အရှိန်တိုးမြှင့်မှုနှင့် အနည်းဆုံး နောက်တစ်နှစ်အထိ စစ်ဆင်ရေးများဆက်လက်ဆင်နွှဲမည့် အလားအလာကြောင့်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယင်းစစ်ပွဲတွင်ယနေ့အထိသေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း၃၉၇၃ ဦးရှိပြီး ဒဏ်ရာရသူ ပေါင်း ၂၉၃၀၀ နီးပါးရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ချက်သမ္မတနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရှဝါဇာမြစ်ရေလျှံပြီး ရေလွှမ်းနေသည်ကို မတ် ၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

ဘာမျှ မရှိပါဘူး ...

ရှေးဟောင်း လိုဏ်ဂူတစ်ခုအတွင်းသို့ ဝင်ရောက်လေ့လာနေသော ကမ္ဘာ့လှည့်ခရီးသည်တစ်ဦးက ဧည့်လမ်းညွှန်အား မေးလေသည်။

ခရီးသည် ။ ။ ဒီလိုဏ်ဂူက လူအရောက်အပေါက် နည်းမယ်ထင်တယ်။

ဧည့်လမ်းညွှန်။ ။ လူမရောက်သလောက်ပါပဲ။

ခရီးသည် ။ ။ လိုဏ်ဂူထဲမှာ အန္တရာယ်ပေးနိုင်တဲ့ တိရစ္ဆာန်တွေ ရှိလား။

ဧည့်လမ်းညွှန်။ ။ မရှိပါဘူး။

ခရီးသည် ။ ။ ကိုက်တတ်တဲ့ အကောင်တွေကော ရှိလား။

ဧည့်လမ်းညွှန်။ ။ မြွေဆိုးတွေပဲ ရှိတာပါ။

ခရီးသည် ။ ။ ''ဗျာ''

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ကွန်ဂိုသမ္မတနိုင်ငံ၏ဖြစ်စဉ်

သတင်းအက်ဆေး

ကွန်ဂိုသမ္မတနိုင်ငံသည် အာဖရိကအနောက်ပိုင်းဒေသတွင် တည်ရှိသည်။ ကွန်ဂိုဘရာဇာဗီးလ်ဟု တစ်ခါတစ်ရံခေါ်ကြသည့် ကွန်ဂိုသမ္မတနိုင်ငံမှာ ပြည်တွင်းစစ်များနှင့် ပြည်သူ့စစ်များ၏ ပဋိပက္ခများကြောင့် ဒုက္ခရောက်ခဲ့ရသည်။

စူးစမ်းတွေ့ရှိ

ယခု ကွန်ဂိုသမ္မတနိုင်ငံ တည်ရှိသည့်ဒေသသို့ ၁၄၀၀ပြည့်လွန်နှစ်များက ဘာကွန်ဂို၊ ဘာတေကေနှင့် ဆန်ဂါလူမျိုးစုများ ရောက်ရှိလာခဲ့သည်။ ၁၄၈၂ ခုနှစ်တွင် ပေါ်တူဂီရေကြောင်းထိန်း ဒီအိုဂိုသည် ကမ်းရိုးတန်းဒေသများသို့ စူးစမ်းတွေ့ရှိသည်။ ၁၈၈၀ပြည့်နှစ်တွင် ကွန်ဂိုမြစ်မြောက်ဘက်၌ ပြင်သစ်အထိန်းအသိမ်းခံ နိုင်ငံထူထောင်ရေးအခွင့် ရသွားသည်။ ၁၉၁၀ပြည့်နှစ်တွင် ထိုစဉ်က အခေါ်အဝေါ် အလယ်ပိုင်းကွန်ဂိုသည် ပြင်သစ်အီကွေတာအာဖရိက၏ လက်အောက်ခံ ဖြစ်သွားသည်။

ပါလီမန်ဖွဲ့ခွင့်ရ

၁၉၂၈ခုနှစ်တွင် အာဖရိကတိုက်သား ၁၇၀၀၀ကျော်သေဆုံးစေသည့် ကွန်ဂို-သမုဒ္ဒရာရထားလမ်း ဖောက်လုပ်ရေးတွင် အဓမ္မစေခိုင်းမှုနှင့် ညှဉ်းပန်းမှုတို့အပေါ် မခံမရပ်နိုင်ဖြစ်ကာ အာဖရိကလူမည်းတို့က တော်လှန်သည်။ ၁၉၄၆ခုနှစ်တွင် ကွန်ဂိုအနေဖြင့် ပြင်သစ်ပါလီမန်တွင် ကိုယ်စားလှယ်ထားရှိခွင့်နှင့် ဒေသဆိုင်ရာ ပါလီမန်ဖွဲ့ခွင့်ရသည်။

ထူထောင်

၁၉၆၀ပြည့်နှစ်တွင် ကွန်ဂိုနိုင်ငံသည် လွတ်လပ်ရေးရရှိပြီး ဖူးဘတ်ယူလူက သမ္မတဖြစ်လာသည်။ ၁၉၆၃ခုနှစ်တွင် အလုပ်သမားများ ဆူပူမှုဖြစ်ပွားပြီးနောက် ယူလူရာထူးမှ ထွက်ပေးလိုက်ရသည်။ မတ်ဆမ်ဘာဒီဘက်က သမ္မတဖြစ်လာပြီး ဝန်ကြီးချုပ်တာဝန်ကို ပါစကမ်လစ်ဆိုဘာက ရယူသည်။

၁၉၆၄ခုနှစ်တွင် မတ်ဆမ်ဘာဒီဘက်က တစ်ခုတည်းသောပါတီအဖြစ် အမျိုးသားတော်လှန်ရေး လှုပ်ရှားမှုပါတီကို ထူထောင်ပြီး ဆိုရှယ်လစ်စီးပွားရေး စနစ်ကျင့်သုံးသည်။ ၁၉၆၈ခုနှစ်တွင် အာဏာသိမ်းခံရသည်။ အာဏာသိမ်းခေါင်းဆောင် အင်ဂွာဘီက ဆိုရှယ်လစ်စနစ် ဆက်လက်ကျင့်သုံးမည်ဟု ကြေညာပြီး ကွန်ဂိုအလုပ်သမားပါတီပီစီတီကို ထူထောင်သည်။ ၁၉၇၀ပြည့်နှစ်တွင် ကွန်ဂိုနိုင်ငံကို မာ့က္ခစ်ဝါဒီပြည်သူ့ သမ္မတနိုင်ငံဟု ကြေညာလိုက်ပြီး ပီစီတီပါတီကို တစ်ခုတည်းသော တရားဝင်ပါတီအဖြစ် သတ်မှတ်လိုက်သည်။

၁၉၇၇ခုနှစ်တွင် အင်ဂွာဘီလုပ်ကြံခံရသည်။ မကြာမီအတွင်း မတ်ဆမ်ဘာဒီဘက်၊ ဘရာဇာဗီးလ် ခရစ်ယာန်ဂိုဏ်းချုပ်ကြီး အီမိုင်းဘိုင်ယာယင်ဒါတို့ နှစ်ဦးလည်း အသတ်ခံလိုက်ရသည်။ ယုမ်ဘီအိုပန်ဂို သမ္မတ ဖြစ်လာသည်။ ၁၉၇၉ခုနှစ်တွင် အိုပန်ဂိုက သမ္မတရာထူးကိုပီစီတီပါတီသို့လွှဲအပ်သည်။ ပါတီက ဆက်ဆိုအင်ဂွက်ဆိုကို သမ္မတခန့်လိုက်သည်။ ၁၉၈၁ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုနှင့် ချစ်ကြည်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို လက်မှတ်ရေးထိုးသည်။ ၁၉၉၀ ပြည့်နှစ်၌ ပီစီတီပါတီက မာ့ခ်ဝါဒကို စွန့်လွှတ်သည်။

ထွက်ပြေး

၁၉၉၂ခုနှစ်တွင် ပါတီစုံစနစ်ထူထောင်ပြီး ကွန်ဂိုနိုင်ငံ၏ ပထမဆုံး ဒီမိုကရေစီရွေးကောက်ပွဲတွင် ပါစကယ်လစ်ဆိုကာ သမ္မတဖြစ်လာသည်။ ၁၉၉၃ခုနှစ်တွင် ပါလီမန်ရွေးကောက်ပွဲ အငြင်းပွားမှုကြောင့် အစိုးရနှင့် အတိုက်အခံတို့ သွေးထွက်သံယိုတိုက်ခိုက်မှုများ ပေါ်ပေါက်သည်။ ၁၉၉၄-၁၉၉၅ခုနှစ်များတွင် အပစ်အခတ်ရပ်စဲပြီး အတိုက်အခံများကို အစိုးရအဖွဲ့တွင် နေရာပေးသည်။ ၁၉၉၇ခုနှစ်တွင် ပြည်တွင်းစစ်ကြီးဖြစ်သည်။ အင်ဂွက်ဆိုလိုလားသည့် အင်အားစုက အင်ဂိုလာတပ်များ၏ အကူအညီရယူပြီး မြို့တော်ဘရာဇာဗီးလ်ကို သိမ်းပိုက်သဖြင့် သမ္မတလစ်ဆိုကာ ထွက်ပြေးရသည်။

ကွန်ဂိုသမ္မတနိုင်ငံသည် ဆာဟာရ တောင်ပိုင်းမှ ရေနံထွက်သည့်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ စီးပွားရေးတွင် ရေနံသည် အဓိက အခန်းကဏ္ဍမှ ပါဝင်နေပြီဖြစ်သည်။

အနိုင်ရ

၂၀၀၂ခုနှစ် မတ်လတွင် အင်ဂွက်ဆိုသည် ပြိုင်ဘက်မရှိ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရသည်။ ၂၀၀၂ခုနှစ် မတ်လမကုန်မီမှာပင် အစိုးရတပ်နှင့် နင်ဂျာသူပုန်များအကြား ပြင်းထန်စွာတိုက်ပွဲဖြစ်သဖြင့် ပူးလ်ဒေသမှ အရပ်သားထောင်ပေါင်းများစွာ ထွက်ပြေးခဲ့ကြရသည်။

၂၀၀၆ခုနှစ် ဇန်နဝါရီလတွင် ကွန်ဂိုသမ္မတနိုင်ငံသည် အာဖရိက သမဂ္ဂ (အေယူ)ဥက္ကဋ္ဌဖြစ်လာသည်။ သမ္မတအင်ဂွက်ဆိုက ပြင်သစ်နိုင်ငံသည် ကွန်ဂိုသမ္မတနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ကြောင်း စွပ်စွဲသည်။

လှုပ်ရှား

ပြည်တွင်းစစ်၏ အကြွင်းအကျန် ပြည်သူ့စစ်တပ်ဖွဲ့ဖြစ်သော နင်ဂျာအုပ်စုသည် ယခုတိုင် လက်နက်မချဘဲ ပူးလ်ဒေသတွင် လှုပ်ရှားလျက် ရှိသေးသည်။ နင်ဂျာသူပုန်အများစုမှာ လက်နက်မချကြဘဲ ဓားပြများဘဝသို့ ကူးပြောင်းသွားသည်လည်း ရှိ၏။

လူဦးရေ ၇၀ရာခိုင်နှုန်း ဆင်းရဲကျပ်တည်းစွာ ရုန်းကန်ရပ်တည်နေကြရသော်လည်း ကွန်ဂိုသမ္မတနိုင်ငံသည် ဆာဟာရတောင်ပိုင်းမှ ရေနံထွက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ စီးပွားရေးတွင် ရေနံသည် အဓိကအခန်းကဏ္ဍမှပါဝင်နေပြီဖြစ်သည်။ ၂၀၀၇ခုနှစ် ဇွန်လတွင် နင်ဂျာသူပုန်ဟောင်းအချို့သည် အလင်းဝင်ရောက်ခဲ့သည်။ ၂၀၀၇ခုနှစ် ပါလီမန်ရွေးကောက်ပွဲလည်း အာဏာရပါတီက ၉၀ရာခိုင်နှုန်း အနိုင်ရကာ ကျင်းပပြီးစီးခဲ့သည်။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

■ **ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့အနောက်မြောက်ပိုင်း၌ မတ် ၁ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ ငါးဦးဒဏ်ရာရရှိခဲ့သည်။**

❐ တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်း ဂမ်ချမ်မြို့တွင် မတ်၁ရက်က ဓာတုဗေဒစက်ရုံတစ်ရုံ မီးလောင်မှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး ၁၄ဦး ဒဏ်ရာရရှိခဲ့သည်။

■ **ဂွာတီမာလာနိုင်ငံ ဂွာတီမာလာစီးတီးတွင် မတ်၁ရက်က ခရီးသည်တင် ဘတ်စ်ကားတစ်စီး တိမ်းမှောက်ခဲ့ရာ ၄၅ဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့သည်။**



❐ တန်ဇန်းနီးယားနိုင်ငံ အိုလန်နိုမီးတောင်သည် မတ် ၁ရက်က လှုပ်ရှားလာပြီး မီးခိုးများနှင့်ပြာမှုန်များကို ဝေဟင်သို့မှုတ်ထုတ်လျက်ရှိသဖြင့် အရေးပေါ်သတိပေးချက်များ ထုတ်ပြန်ထားသည်။ **(အပေါ်ပုံ)**

■ **ကမ္ဘာဂြိုဟ်၏အပြင်ဘက် အနီးကပ်ဆုံးနေရာ၌ ဂြိုဟ်သစ်တစ်ခုတွေ့ရှိရကြောင်း၊ အဆိုပါဂြိုဟ်သစ်သည် ကမ္ဘာဂြိုဟ်၏ အရွယ်အစားထက် သုံးပုံနှစ်ပုံခန့် သေးငယ်ကြောင်း ဂျပန်အာကာသသုတေသနပညာရှင်များက ပြောကြားသည်။**

❐ **ဖိလစ်ပိုင်နိုင်ငံ ဘူလာကန်မြို့မြောက်ဘက်တွင် မတ်၁ရက်က ပုဂ္ဂလိကလေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်မှူးအပါအဝင် နှစ်ဦးသေဆုံးခဲ့သည်။**

■ **တရုတ်နိုင်ငံ ရှန်စီပြည်နယ် ဝူချန်မြို့ပြင် အဝေးပြေးလမ်းမပေါ်၌ ဘတ်စ်ကားနှစ်စီးတိုက်မှုဖြစ်ပွားရာ ၁၆ဦးသေဆုံးပြီး ၃၁ဦး ဒဏ်ရာရရှိခဲ့သည်။**

❐ တရုတ်နိုင်ငံ ဖူကျင်ပြည်နယ် အရှေ့ပိုင်းကမ်းလွန်၌ မတ်၁ရက်က ငါးဖမ်းသင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ ငါးဖမ်းသမားခြောက်ဦး ပျောက်ဆုံးလျက်ရှိသည်။

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂-၃-၂၀၀၈

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းဈေးနှုန်း မြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)မှအရာရှိများက ပြောကြားသည်။

နယူးယောက်ဈေးကွက်၌ ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၃ ဒသမ ၀၅ ဒေါ်လာအထိ မြင့်တက်လာကြောင်း ၎င်းတို့က ပြောကြားသည်။

ဈူကလီးယား ပူးပေါင်းဆောင်ရွက်ရေး တောင်အာဖရိကနှင့်ပြင်သစ် လက်မှတ်ရေးထိုး

တောင်အာဖရိကနှင့် ပြင်သစ်တို့ ဈူကလီးယားပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုတစ်ရပ်အား လက်မှတ်ရေးထိုးလိုက်သည်။

နှစ်နိုင်ငံ ဈူကလီးယားဖွံ့ဖြိုးတိုးတက်ရေး၊ အတတ်ပညာနှင့်နည်းပညာများ အပြန်အလှန်ဖလှယ်ရေးတို့အတွက် တောင်အာဖရိကသမ္မတ သာဘိုအမ်ဘီကီနှင့် အလည်အပတ်ရောက်ရှိနေသော ပြင်သစ်သမ္မတ နီကိုလပ်ဆာကိုဇီတို့ သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။

အိန္ဒိယနှင့်ပါကစ္စတန် ရထားပြန်လည်ပြေးဆွဲမည်

အိန္ဒိယနှင့်ပါကစ္စတန်နှစ်နိုင်ငံရထားပြေးဆွဲမှုကို လာမည့်ဧပြီလလယ်၌ ပြန်လည်စတင်မည်ဖြစ်ကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။

အဆိုပါရထားပြေးဆွဲမှုမှာ အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့နှင့်ပါကစ္စတန်နိုင်ငံ ဒါကာမြို့အကြား ခရီးစဉ်ဖြစ်ပြီး နှစ်ဖက်ညှိနှိုင်းသဘောတူညီမှုများရရှိခဲ့ပြီဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အီရန်ရေပြင်၌ ဘရာဇီး ရေနံရှာဖွေမည်

ဘရာဇီးနိုင်ငံပိုင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဖြစ်သော ပက်ထရိုဘားက အီရန်ရေပြင်၌ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ရှာဖွေမှုပြုလုပ်သွားမည်ဖြစ်ကြောင်း အီရန်အရာရှိများက ပြောကြားသည်။

အီရန်နိုင်ငံပိုင်နက် ကတ်စပီယံပင်လယ်ရေပြင်ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေး လုပ်ကွက်ခြောက်ခု၌ ပက်ထရိုဘားလုပ်ငန်းက ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ရှာဖွေမည်ဖြစ်သည်။

အီရန်အပေါ် အရေးယူမှု ရက်ရွှေ့ဆိုင်း

အီရန်အပေါ် အရေးယူပိတ်ပင်မှုဆောင်ရွက်ရေး ဆုံးဖြတ်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ရက်ရွှေ့ဆိုင်းလိုက်ကြောင်း ကုလသမဂ္ဂအရာရှိများက ပြောကြားသည်။

အီရန်၏ဈူကလီးယားအစီအစဉ်အပေါ် ပိုမိုပြည့်စုံသော အချက်အလက်များ လိုအပ်သည်ဟူသော အကြောင်းပြချက်ဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်က ရက်ရွှေ့လိုက်ခြင်းဖြစ်သည်။

သီရိလင်္ကာ၌ ဗုံးပေါက်ကွဲ

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်လေးဦးအပါအဝင် ရှစ်ဦးသေဆုံးခဲ့သည်ဟု ကိုလံဘိုရဲတပ်ဖွဲ့က ပြောကြားသည်။

ယခုဗုံးပေါက်ကွဲမှုမှာ တမီးလ်ကျားသူပုန်တို့၏ လက်ချက်ဖြစ်ပြီး ကိုလံဘိုမြို့မြောက်ပိုင်း ကိုကာဟီနာအရပ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထိုင်းနှင့်လာအိုအကြား ရထားပြေးဆွဲမည်

ထိုင်းနှင့်လာအို နှစ်နိုင်ငံတို့သည် ရထားပြေးဆွဲမှုကို လာမည့်ဧပြီလ၌ စတင်မည်ဖြစ်ကြောင်း ထိုင်းအရာရှိများက ပြောကြားသည်။

ထိုင်းနှင့်လာအို ရထားလမ်း ဖောက်လုပ်မှုမှာ ပြီးစီးခဲ့ပြီးဖြစ်ရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ လာအိုနိုင်ငံ နွှန်ခိုင်ဘန်သာနာလန်မြို့ ရထားလမ်းခရီးစဉ်ကို စတင်ပြေးဆွဲမည်ဟု ၎င်းတို့က ပြောကြားသည်။

ဘဝဒဿန အမြင်

■ ***Absence makes the heart grow fonder.***

ဝေးတသက်သက်။

သောမတ်စ်ဟေနီးစ်ဘေလီ (အင်္ဂလိပ်ပြဇာတ်နှင့်စာရေးဆရာ)

■ ***Think as men of action , act as men of thought.***

လက်တွေ့သမားများကဲ့သို့စဉ်းစားပြီး တွေးခေါ်သူများကဲ့သို့ လုပ်ဆောင်ပါ။

ဟင်နရီဘတ်ဂျ်ဆန် (ပြင်သစ်အတွေးအခေါ်ပညာရှင်)

အကြိုရွေးကောက်ပွဲ ၁၁ခု ဆက်တိုက်နိုင်သူ အိုဘားမားကိုကျော်ရန် တက္ကဆက်နှင့် အိုဟိုင်းယိုး၌ ဟီလာရီအနိုင်ရရန် လိုအပ်

ဝါရှင်တန် မတ် ၂

အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီကိုယ်စားပြု သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်ရန် အိုဘားမားနှင့် ဟီလာရီကလင်တန်တို့ အကြိတ်အနယ် စည်းရုံးကြိုးပမ်းလျက်ရှိရာတွင် မဲဆန္ဒရှင်များ၏ သဘောထားစစ်တမ်းများတွင် ဟီလာရီက အပြတ်အသတ်ထောက်ခံမှုရရှိထားသည့် တက္ကဆက်ပြည်နယ်နှင့် အိုဟိုင်းယိုးပြည်နယ်အကြိုရွေးကောက်ပွဲများတွင် အရေးသာမည်ဟု ဟီလာရီကလင်တန်၏ မဲဆွယ်စည်းရုံးရေးအဖွဲ့က အသိအမှတ်ပြုထားသည်။

များစွာအရေးပါ

မတ် ၄ရက်၌ ပြုလုပ်မည့် အဆိုပါ ပြည်နယ်နှစ်ခု အကြိုရွေးကောက်ပွဲများ အပါအဝင် ထိုအကြိုရွေးကောက်ပွဲများမှာ ဟီလာရီကလင်တန်အတွက် များစွာ အရေးပါသည်။

အရေးကြီး

ယခုနှစ် နိုဝင်ဘာ၄ရက်တွင် ကျင်းပမည့် အမေရိကန်သမ္မတ ရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ပါတီကိုယ်စားလှယ် သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရရေးအတွက် အကြိုရွေးကောက်ပွဲ ၁၁ခု ဆက်တိုက်အနိုင်ရခဲ့သူ အိုဘားမား**(ယာပုံ)**ကို ကျော်ဖြတ်အနိုင်ယူရန် ဟီလာရီကလင်တန်အတွက် လိုအပ်နေသည်။

ထောက်ခံမှုရ

အဘယ်ကြောင့်ဆိုသော် ဖေဖော်ဝါရီ ၂၉ရက်က ထုတ်ပြန်သည့် ပြည်သူ့သဘောထားစစ်တမ်းကောက်ခံချက်တစ်ခုအရ တက္ကဆက်ပြည်နယ် အကြိုရွေးကောက်ပွဲတွင် အိုဘားမားက ၄၈ရာခိုင်နှုန်းနှင့် ဟီလာရီကလင်တန်က ၄၂ရာခိုင်နှုန်းရနေပြီး အိုဟိုင်းယိုးပြည်နယ် အကြိုရွေးကောက်ပွဲ၌ ဟီလာရီကလင်တန်က ထောက်ခံမှု ၄၄ရာခိုင်နှုန်းနှင့် အိုဘားမားက ၄၂ရာခိုင်နှုန်းရနေခြင်းကြောင့် ဖြစ်သည်။

လျော့နည်း

ရီပတ်ဘလီကင်သမ္မတလောင်းနေရာအတွက်မူ အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းသည်သာ ကျန်နှစ်ဦးထက် အပြတ်အသတ်ထောက်ခံမှု ရထားသည်။ ဂျွန်မက်ကိန်း၏ နောက်ဆုံးအဓိကပြိုင်ဘက် အာကင်ဆပ် ပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း ဟတ်ကာဘီးသည်ပင် ဂျွန်မက်ကိန်းထက် များစွာ ထောက်ခံမှု လျော့နည်းနေသည်။

(အင်တာနက်)

ပါကစ္စတန် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရေး ပီပီပီပါတီက အစ္စလမ္မစ်ဝါဒီများအားချဉ်းကပ်

အစ္စလမ္မာဘတ် မတ် ၂

ပါကစ္စတန် အတိုက်အခံပါတီများက ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေးအတွက် အစ္စလမ္မစ်ဝါဒီများအား စည်းရုံးသိမ်းသွင်းရန် ကြိုးပမ်းလျက်ရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

တွေ့ဆုံ

ရွေးကောက်ပွဲ အမတ်နေရာ အများဆုံး ရရှိအောင်ပွဲခံသည့် ပီပီပီပါတီ ခေါင်းဆောင်အလီဇာဒါရီသည် အမျိုးသားညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရေး အလားအလာများကို ဆွေးနွေးရန် သဘောထားတင်းမာသည့် အစ္စလမ္မစ်ဝါဒီ ဖက်အူရ်ရာမန်နှင့် ဖေဖော်ဝါရီ ၂၈ ရက်က တွေ့ဆုံသည်။

ဆွေးနွေး

နောက်ထပ် ဆွေးနွေးရန် နှစ်ဖက်ခေါင်းဆောင်တို့သည် ဖေဖော်ဝါရီ ၂၉ ရက် ညနေပိုင်းတွင် ပြန်လည်တွေ့ဆုံခဲ့ကြသည်။

အများဆုံးရ

ဖေဖော်ဝါရီ ၁၈ရက် ရွေးကောက်ပွဲတွင် ကွယ်လွန်သူ ဝန်ကြီးချုပ်ဟောင်း ဘာနာဇီယာဘူတို၏ ပီပီပီပါတီက ထောက်ခံမဲ အများဆုံးရပြီး ဝန်ကြီးချုပ်ဟောင်း နဝပ်ရှရစ်ဖ်၏ ပီအမ်အယ်-အင်ပါတီက ဒုတိယ ထောက်ခံမဲ အများဆုံး ရရှိသည်။

ပြောကြား

နိုင်ငံတော်၏ ပြဿနာများကို မည်သည့် ပါတီတစ်ရပ်တည်းကမျှ ကိုင်တွယ်ဖြေရှင်းပေးနိုင်မည် မဟုတ်ကြောင်း မစ္စတာရာမန်၏လက်ထောက်တစ်ဦးက ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

သမ္မတရွေးကောက်ပွဲအပေါ်မကျေနပ် အာမေးနီးယားပြည်သူများ မြို့တော်ရင်ပြင်၌ဆန္ဒပြ

ရီရီဗန် မတ် ၂

အာမေးနီးယားနိုင်ငံမြို့တော် ရီရီဗန်၌ မတ် ၁ ရက်က ရွေးကောက်ပွဲရလဒ်အပေါ် မကျေနပ်၍ ပြည်သူများက လမ်းမကြီးများတစ်လျှောက် လှည့်လည်ဆန္ဒပြခဲ့ကြသည်။

လှောင်ပြောင်

အာမေးနီးယားရဲတပ်ဖွဲ့ဝင်များက ဆန္ဒပြသူများအား မြို့တော်ရင်ပြင်မှ ရှင်းထုတ်ခဲ့ပြီးနောက် နာရီအတန်ကြာတွင် တစ်ဖန်မြို့လယ်သို့ ပြန်လည်ရောက်ရှိလာပြီး ရဲတပ်ဖွဲ့ဝင်များအား လှောင်ပြောင်ပြောဆိုခဲ့ကြသည်။**(ယာပုံ)**

ဆန္ဒပြ

ဆန္ဒပြ လူအုပ်ကြီးသည် ရွေးကောက်ပွဲရလဒ်အပေါ် မကျေနပ်၍ ဆန္ဒပြမှုများ ဆက်လက်ပြုလုပ်ခဲ့ရာ မတ် ၁ ရက်က မြို့လယ်ရှိ သံတမန်ရပ်ကွက်သို့ ချီတက်သွားသည်ဟု ဆိုသည်။

တိုက်တွန်း

ဝန်ကြီးချုပ် ဆာကစ်ဆီဗင်သည် ဖေဖော်ဝါရီ ၁၉ ရက်က ရွေးကောက်ပွဲတွင် အတိုက်အခံခေါင်းဆောင် လီဗွန်တာပီထရိုဆီဝင်အား ကျော်ဖြတ် အနိုင်ရခဲ့သည်။ အတိုက်အခံ ခေါင်းဆောင် ပီထရိုဆီယမ်က ငြိမ်းချမ်းစွာ ဆန္ဒပြမှုကို ဆက်လက်ပြုလုပ်သွားရန် တိုက်တွန်းလိုက်သည်။

အနိုင်ရ

အဆိုပါ အာမေးနီးယားသမ္မတ ရွေးကောက်ပွဲတွင် မစ္စတာစာကီဆီယမ်က မဲ ၅၃ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့သည်။ အတိုက်အခံ ခေါင်းဆောင် သမ္မတဟောင်း မစ္စတာ အားပီထရိုဆီယံက ၂၁ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့သည်။ **(အင်တာနက်)**

ဖေဖော်ဝါရီလအတွင်း တိုက်ခိုက်မှုမြင့်တက် အီရတ်၌အရပ်သား ၆၆၃ဦး သေဆုံးခဲ့

ဘဂ္ဂဒက် မတ် ၂

အီရတ်နိုင်ငံ၌ ဖေဖော်ဝါရီလအတွင်း လအတန်ကြာပြီးနောက် အကြမ်းဖက်မှုများ အရှိန်မြင့်တိုက်ခိုက်လာမှုကြောင့် သေဆုံးသူအရေအတွက် များပြားလာကြောင်း တရားဝင်ထုတ်ပြန်သော စာရင်းဇယားများတွင် ဖော်ပြသည်။

တိုက်ခိုက်

ဖေဖော်ဝါရီလအတွင်း အီရတ်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်မြင့်လာမှုကြောင့် သေဆုံးသူ အနည်းဆုံး ၆၆၃ဦးရှိလာသည်။ ယင်းအရေအတွက်မှာ ဇန်နဝါရီလက အီရတ်အရပ်သား ၄၆၀ကျော် သေဆုံးခဲ့ရာမှ မြင့်တက်လာခြင်းဖြစ်ကြောင်း အဆိုပါ စာရင်းဇယားများတွင် ဖော်ပြသည်။

သေဆုံး

ပြီးခဲ့သည့်လက ဘဂ္ဂဒက်မြို့နှင့် ကာဘာလာမြို့အနီး၌ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများကြောင့် အနည်းဆုံး ၁၅၀ သေဆုံးခဲ့ရသည်ဟု ဆိုသည်။

ဖော်ပြ

လွန်ခဲ့သောလများက အီရတ်၌ အသေအပျောက် အနည်းငယ်ကျဆင်းသွားခဲ့သော်လည်း ဖေဖော်ဝါရီလအတွင်း သိသာစွာမြင့်တက်လာသည်။ သို့သော်လည်း ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလက အရပ်သား ၁၆၄၅ ဦး သေဆုံးခဲ့မှုနှင့်နှိုင်းဆလျှင် နည်းပါးနေသေးကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

တောင်ကိုရီးယားပါလီမန်ဝန်ကြီးချုပ်သစ်ရွေးချယ်ရန် သဘောတူ

တောင်ကိုရီးယားသမ္မတအီမြောင်ဘက်(ဝဲ)နှင့် ဝန်ကြီးချုပ် ဟန်ဆီယမ်ဆူး

ဆိုးလ် မတ် ၂

တောင်ကိုရီးယားပါလီမန်က နိုင်ငံရေးသမားဟောင်း ဟန်ဆီယမ်ဆူးအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရန် သဘောတူညီလိုက်ကြောင်း ဖေဖော်ဝါရီ ၂၉ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

မစ္စတာဟန်အား တောင်ကိုရီးယားသမ္မတသစ် အီမြောင်ဘက်က ဝန်ကြီးချုပ်ရာထူးခန့်အပ်ရန် သဘောတူညီလိုက်ခြင်း ဖြစ်သည်။

သမ္မတသစ်ဖြစ်လာသော မစ္စတာအီသည် ဒီဇင်ဘာလက ရွေးကောက်ပွဲတွင် မဲအပြတ်အသတ်ဖြင့် အနိုင်ရပြီး တောင်ကိုရီးယားသမ္မတ ဖြစ်လာခြင်းဖြစ်သည်။

ဝန်ကြီးချုပ်သစ်ဖြစ်လာသော မစ္စတာဟန်သည် နိုင်ငံခြားရေးဝန်ကြီးနှင့် အမေရိကန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးများအပါအဝင် အဆင့်မြင့်ရာထူးများတွင် အတွေ့အကြုံရှိသူဖြစ်သည်။ (အင်တာနက်)

အီရတ်မြောက်ပိုင်းရှိ ကာ့ဒ်သူပုန်များအား တူရကီ လေတပ်က တောင်ကုန်းတောင်စွယ်များပေါ်တွင် လိုက်လံချေမှုန်းနေသည်ကို ဖေဖော်ဝါရီ ၂၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အားထည့်ရဦးမည့်မန်ယူ၊ အသက်ရှူမှားမတတ် ကစားရမယ့်အာကြီး ရင်မောဖွယ်ရာ ချယ်လ်ဆီးတို့ရဲ့ ချန်ပီယံလိဂ်ဒုတိယအကျော့

လန်ဒန် မတ် ၂

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ် ခုနစ်ပွဲကို မတ် ၄ ရက်နှင့် ၅ရက်မှာ ဆက်လက်ကစားမှာဖြစ်ပြီး အင်တာနဲ့ လီဗာပူးပွဲက မတ် ၁၁ ရက်မှာ ကစားရမှာမို့ ပရိသတ်တွေ စိတ်ရှည်စွာနဲ့ စောင့်စားကြရဦးမှာ ဖြစ်ပါတယ်။

မက်ဆီ

မက်ဆီ ဘာစီလိုနာ အတွက် ဂိုးတွေ သွင်းပေးနိုင်မှာလား...

(အင်တာနက်ဓာတ်ပုံ)

မန်ယူနှင့် လိုင်ယွန်

ချန်ပီယံလိဂ်၊ ပရီမီယာလိဂ်နဲ့ အက်ဖ်အေစစ်မျက်နှာတွေမှာ တစ်ချက်မှ အတိမ်းအစောင်းမခံနိုင်တဲ့ မန်ယူတို့ အနေအထားက ပွဲတိုင်း ရင်ထိတ်စရာအခြေအနေပါပဲ။ ဒါ့အပြင် မန်ယူရဲ့ အိုးထရက်ဖို့ဒ်သမိုင်းမှာ ပြင်သစ်အသင်းတွေကို တစ်ပွဲမှ ရှုံးပွဲမရှိခဲ့ပါဘူး။

မန်ယူဟာ ချန်ပီယံလိဂ်ပွဲပေါင်း ၁၈၇ပွဲမှာ အိမ်ကွင်း ၉၄ပွဲ ကစားခဲ့တဲ့ မှတ်တမ်းကိုကြည့်ရင် ၇၂ပွဲနိုင်၊ ၁၅ပွဲသရေ၊ ခုနစ်ပွဲရှုံး ရလဒ်တွေကို ပိုင်ဆိုင်ထားပါတယ်။ လိုင်ယွန်ကတော့ ချန်ပီယံလိဂ်မှာ အဝေးကွင်း ၃၆ပွဲ ကစားခဲ့တဲ့သမိုင်းမှာ ၁၇ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ၁၂ပွဲရှုံးထားပါတယ်။ မန်ယူမှာ အမာခံဘောလုံးသမားတွေ အကုန်ထုတ်ကစားနိုင်မယ့် အနေအထားရှိပေမယ့် လိုင်ယွန်အသင်းမှာတော့ အသင်းခေါင်းဆောင်နဲ့ နောက်ခံအုတ်တံတိုင်းဖြစ်တဲ့ ခရစ်ကဒူးအရွတ်ပြဲနေတဲ့အတွက် မပါနိုင်ပါဘူး။ မန်ယူသတိထားရမှာက လိုင်ယွန်တိုက်စစ်မှူး ဘန်ဇီမာနဲ့ ကွင်းလယ်လူ ဂျူနင်ဟိုတို့ပါပဲ။ ဒါပေမယ့် ခြေတက်နေတဲ့ မန်ယူဟာ လိုင်ယွန်ကိုကျော်ဖြတ်ပြီး နောက်တစ်ဆင့်တက်ဖို့ ရွှန်နေ၊ တီဗက်ဇ်နဲ့ စီရိုနယ်ဒိုတို့က စွမ်းဆောင်နိုင်ပါလိမ့်မယ်။

အေစီမီလန်နှင့် အာဆင်နယ်

ခြေယိုင်လာတဲ့ အာကြီးတို့ အေစီကို အသည်းအသန် ကျော်ဖြတ်ရမယ့် ပွဲပါပဲ။ အာကြီးကတော့ ချန်ပီယံလိဂ်မှာ အီတလီအသင်းတွေနဲ့ ၂၄ပွဲ ကစားခဲ့ဖူးပြီး အဝေးကွင်း ၁၁ပွဲမှာ လေးပွဲနိုင်၊ လေးပွဲသရေ၊ သုံးပွဲရှုံး ရလဒ်ရှိထားပါတယ်။ အာကြီးမှာ ဒါဆေးဗားလ် မပါနိုင်သလို ပွဲလည်းပန်းနေတဲ့အပြင် အရန်အင်အား နည်းပါးနေတာမို့ အာစင်ဝင်းဂါးရဲ့ဗျူဟာက အရေးပါတဲ့အနေအထား ရောက်နေပါတယ်။ အာကြီးချာတိတ်တွေ အသက်ရှူမှားမတတ် ကစားရမယ့်ပွဲပါပဲ။

အေစီမီလန်တို့ရဲ့ ချန်ပီယံလိဂ် သမိုင်းမှတ်တမ်းကို ကြည့်ရင် အင်္ဂလန် အသင်းတွေနဲ့ အိမ်ကွင်းမှာ ၁၄ပွဲကစားခဲ့တဲ့ နေရာမှာ ကိုးပွဲနိုင်၊ ငါးပွဲသရေနဲ့ ရှုံးပွဲမရှိပါဘူး။ အေစီမီလန်အတွက် အားထားရတဲ့ ကာကာ ဒဏ်ရာကြောင့် မပါနိုင်တာလည်း အားနည်းချက်ပါပဲ။ ဒါပေမယ့် အေစီမီလန်ရဲ့တောင့်တင်းတဲ့ခံစစ်ကြောင်းကိုအဒီဘာယောဦးဆောင်တဲ့ အာကြီး တိုက်စစ်မှူးတွေ ဘယ်လိုကျော်ဖြတ်မလဲဆိုတာ စိတ်ဝင်စားစရာပါ။ အိမ်ရှင်တို့ နှာတစ်ဖျားအသာရသွားနိုင်ပါတယ်။

ချယ်လ်ဆီးနှင့် အိုလံပီယာကို့စ်

ချယ်လ်ဆီးခြေက ချန်ပီယံလိဂ်မှာ အားရစရာမကောင်းပေမယ့် ဒီပွဲကို အိမ်ကွင်းမှာ ဖောင်ဖျက်ကစားမှာ သေချာပါတယ်။ ချယ်လ်ဆီးဟာ ဂရိအသင်းတွေနဲ့ ချန်ပီယံလိဂ်မှာ သုံးကြိမ်ဆုံခဲ့တာကို ကြည့်ရင် တစ်ပွဲမှ ရှုံးပွဲမရှိပါဘူး။ အိုလံပီယာကို့စ်ကတော့ အင်္ဂလန်အသင်းတွေနဲ့ ချန်ပီယံလိဂ်မှာ အဝေးကွင်းခုနစ်ပွဲကစားခဲ့တဲ့ နေရာမှာ တစ်ပွဲမှ နိုင်ပွဲမရခဲ့တာမို့ ချယ်လ်ဆီးတို့ စတန်းဖို့ဒ်ဘရစ်ချ်မှာ စိတ်ဓာတ်အသာစီးနဲ့ ကစားပါလိမ့်မယ်။

ဒါပေမယ့် အဝေးကွင်း၊အိမ်ကွင်းတွေမှာ တစ်ဖက်အသင်းကို အကျပ်အတည်းတွေ့အောင်ကစားတတ်တဲ့ အိုလံပီယာကို့စ်ကို နည်းပြဂရန့် လျှော့တွက်ရင် ချန်ပီယံလိဂ် လမ်းတစ်ဝက်မှာတင် နှုတ်ဆက်ထွက်ခွာရကိန်း ဆိုက်သွားနိုင်ပါတယ်။ ဒီလိုအဖြစ်မျိုးကိုတော့ ဒရော့ဘာတို့လက်ခံမှာ မဟုတ်တဲ့အတွက် ချယ်လ်ဆီးတို့ နောက်တစ်ဆင့်တက်နိုင်အောင် အစွမ်းကုန်ဆောင်ကြဉ်းပေးပါလိမ့်မယ်။

ရီးရဲနှင့် ရိုးမား

အိမ်ကွင်းမှာ ရီးရဲတို့ ရင်ကွဲမတတ် ကစားရမယ့်ပွဲပါပဲ။ အဝေးကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားတဲ့ ရီးရဲတို့ လာလီဂါမှာ နိုင်ပွဲတွေ ပြန်ရနေတာမို့ ဒီပွဲမှာ ခြေကုန်ထုတ်ရပါလိမ့်မယ်။ ချန်ပီယံလိဂ်မှာ အိမ်ကွင်းစုစုပေါင်း ၁၅၅ပွဲ ကစားခဲ့တဲ့ သမိုင်းမှာ ၁၂၆ပွဲနိုင်၊ ၁၉ပွဲသရေ၊ ၁၀ပွဲရှုံးထားတဲ့ ရလဒ်ရှိနေပါတယ်။ ရိုးမားကတော့ စပိန်ကလပ်တွေနဲ့ အဝေးကွင်း ၁၀ပွဲကစားခဲ့တဲ့ နေရာမှာ နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ ငါးပွဲရှုံးထားတာမို့ ဒီပွဲဟာ အားတော့ မျှနေပါတယ်။ ရီးရဲမှာ နစ္စတယ်ရွိုင်းပါဖို့ မသေချာတာကြောင့် တိုက်စစ်အားနည်းသွားနိုင်ပါတယ်။

ဘာစီလိုနာနှင့် ဆဲလ်တစ်

အဝေးကွင်း အနိုင်ရထားတဲ့ ဘာစီလိုနာတို့ ဆဲလ်တစ်ကို အိမ်ကွင်းမှာ မက်ဆီသွင်းဂိုးတွေနဲ့ အနိုင်ယူသွားမလား ကြည့်ရမှာပါ။ ချန်ပီယံလိဂ်မှာ ဘာစီလိုနာတို့ အိမ်ကွင်း၈၈ပွဲမှာ ၆၆ပွဲနိုင်၊ ၁၃ပွဲသရေ၊ ကိုးပွဲရှုံးထားတဲ့ မှတ်တမ်းရှိနေပါတယ်။ စကော့တလန် အသင်းတွေနဲ့ အိမ်ကွင်းမှာ လေးပွဲကစားတဲ့အခါ တစ်ပွဲနိုင်၊နှစ်ပွဲသရေ၊ တစ်ပွဲရှုံးထားပေမယ့် ဆဲလ်တစ်တို့ကတော့ စပိန်အသင်းတွေနဲ့ အဝေးကွင်း ကိုးပွဲကစားခဲ့တာ တစ်ပွဲမှ နိုင်ပွဲမရရှိခဲ့ပါဘူး။ ဘာစီလိုနာတို့ နိုင်ပွဲရပြီး ကွာတားတက်မယ်လို့ မှန်းရပါတယ်။

ဒီလိုပါပဲ ပေါ်တိုနဲ့ရှော်ကေးလ်တို့ပွဲမှာ ပထမအကျော့တုန်းက ရှော်ကေးလ်တို့ တစ်ဂိုး-ဂိုးမရှိနဲ့အနိုင်ရခဲ့ပေမယ့် ဒီပွဲမှာတော့ မလွယ်လှပါဘူး၊ ပေါ်တိုတိုက်စစ်မှူး ကွာရက်စ်မာက ထက်မြက်တဲ့ တိုက်စစ်မှူးမို့ အိမ်ကွင်းမှာ ပေါ်တိုတို့ အနိုင်ရသွားနိုင်ပါတယ်။

ဆီဗီလာနဲ့ ဖီနာဘာချီတို့ပွဲမှာတော့ ဖီနာဘာချီတို့ အဝေးကွင်းမှာ ရုန်းကန်ရပါလိမ့်မယ်။ ဖီနာဘာချီနည်းပြ ဖစ်ကိုဟာ ဆီဗီလာကို အနိုင်ရဖို့ ခက်ခက်ခဲခဲ ကြိုးစားရမှာပါ။ ချန်ပီယံလိဂ်သမိုင်းမှာ အိမ်ကွင်း ခုနစ်ပွဲမှာ တစ်ပွဲမျှ ရှုံးပွဲမရှိတဲ့ ဆီဗီလာ ခြေစွမ်းကို ဖီနာဘာချီတို့ စိုးတထိတ်ထိတ်နဲ့ ရင်ဆိုင်ရပါတော့မယ်။ အကြိုက်က အိမ်ရှင်ပါပဲ။ ။

မောင်မောင်မြင့်ဆွေ

ကမ္ဘာတစ်လွှား အားကစား

ချယ်လ်ဆီး ပုံမှန်လမ်းကြောင်းပြန်ရောက်

လန်ဒန် မတ် ၂

ချယ်လ်ဆီးအသင်းသည် လွန်ခဲ့သောသီတင်းပတ်က ကာလင်းဖလား ဗိုလ်လုပွဲတွင် တော့တင်ဟမ်အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် အောင်မြင်ရေးလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိလာကြောင်း အသင်းခေါင်းဆောင် ဂျွန်တယ်ရီက ပြောကြားလိုက်သည်။

ချယ်လ်ဆီးအသင်းသည် မတ် ၁ရက်က ဝက်စ်ဟမ်းအသင်း၏ အိမ်ကွင်း၌ သွားရောက်ကစားခဲ့ရာ လေးဂိုးပြတ် အနိုင်ရလိုက်သည်။

(အင်တာနက်)

ရိုးမားတို့ အိမ်ကွင်း၌ဂိုးပြတ်နိုင်

မီလန် မတ် ၂

အီတလီစီးရီးအေ ပွဲစဉ်(၂၆) ဘောလုံးပြိုင်ပွဲများကို မတ် ၁ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ရိုးမားက အိမ်ကွင်း၌ ပါးမားအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရလိုက်သည်။

ချန်ပီယံလိဂ် ချန်ပီယံအေစီမီလန်အသင်းသည် အိမ်ကွင်း၌ လာဇီယိုအသင်းနှင့်ကစားရာတွင် တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည်။အမှတ်ပေးဇယား၌ ဦးဆောင်နေသော အင်တာမီလန်အသင်းသည် စီးရီးအေ ၂၅ပွဲကစားပြီးချိန်တွင် ရမှတ် ၆၁မှတ်ဖြင့် ဆက်လက်ဦးဆောင်လျက်ရှိသည်။ ယခုနှစ် စီးရီးအေပြိုင်ပွဲ၌ အင်တာမီလန် အသင်း၏ အနီးကပ်ပြိုင်ဘက်မှာ ရိုးမားအသင်းပင်ဖြစ်သည်။ ရိုးမားက ပါးမားအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရပြီးချိန်တွင် ရမှတ် ၅၅မှတ်ဖြင့် ဒုတိယနေရာမှ လိုက်နေသည်။ **(အင်တာနက်)**

ရီးရဲတို့ အဝေးကွင်း၌အနိုင်ရ

မက်ဒရစ် မတ် ၂

စပိန်လာလီဂါ ပွဲစဉ်(၂၆) ဘောလုံးပြိုင်ပွဲများကို မတ် ၁ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ အမှတ်ပေးဇယားကို ဦးဆောင်နေသည့် ရီးရဲမက်ဒရစ်အသင်းက ရီခရီယေးတီဗို၏အိမ်ကွင်း၌ သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းသည် ယခုနှစ် စပိန်လာလီဂါပွဲပေါင်း၂၆ပွဲ ကစားပြီးချိန်တွင် ၁၉ပွဲနိုင်၊ နှစ်ပွဲသရေ၊ ငါးပွဲရှုံးပြီး ရမှတ်၅၉မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေသည်။ ထိုနေ့က ဒီပိုတီဗိုက အိမ်ကွင်း၌ ဆီဗီလာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး အက်စ်ပန်ညိုက အိမ်ကွင်း၌ ဗလင်စီယာအသင်းကို နှစ်ဂိုး-ဂိုးမရှိ ဖြင့် အနိုင်ရခဲ့သည်။ နာမည်ကြီး ဘာစီလိုနာအသင်းသည် အက်သလက်တီကို အိမ်ကွင်း၌ လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ဘာစီလိုနာအသင်း၏ ယင်းရှုံးပွဲသည် တတိယမြောက် အဝေးကွင်းရှုံးနိမ့်မှုဖြစ်သည်။ ယင်းပွဲတွင် ရော်နယ်ဒင်ဟိုနှင့်အီတူးတို့က ဘာစီလိုနာအသင်းအတွက် တစ်ဂိုးစီသွင်းယူပေးနိုင်ခဲ့သော်လည်း ဂိုးဖန်တီးနိုင်မှု အားနည်းခဲ့၍ သွင်းဂိုးနည်းခဲ့ခြင်းဖြစ်ရသည်။ (အင်တာနက်)

မြင့်မောင်စိုး

စုစည်းရေးသားသည်

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အမြင့်ဆုံး လေဟုန်စီးနိုင်သူ

ဗြိတိန်နိုင်ငံ ချက်တီရစ်စ်မြို့ဝေဟင်၌ ပူဖောင်းအလုံး ၆၀၀ဖြင့် မြေပြင်မှ အမြင့်ပေ ၁၁၀၀၀ ကျော်တွင် လေဟုန်စီးကာ ကမ္ဘာ့အမြင့်ဆုံး လေဟုန်စီးနိုင်သူအဖြစ် မှတ်တမ်းတင်နေသူတစ်ဦး၏ မြင်ကွင်းကို မတ် ၁ ရက်က ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ရှိ ကုန်တင်ကားတစ်စီး၏ အရှည်မှာ ၁၈၂ပေရှိရာ ကမ္ဘာပေါ်တွင် အရှည်ဆုံးကုန်တင်ကားတစ်စီးဖြစ်ကြောင်း သိရသည်။

(အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း နိုင်ငံတကာ မှုခင်းဖြစ်ရပ်

အသက်ရာကျော် မနေရသော်လည်း....

ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် အသက် ၆၀အရွယ်ရှိသော အမျိုးသားတစ်ဦးဖြစ်သူ ကာဇူယိုရှိမိယူရာ**(ယာပုံ)** သည် လွန်ခဲ့သည့်၂၇နှစ်က အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် ၎င်း၏ဇနီး အသတ်ခံရမှုနှင့် ပတ်သက်ပြီး မသင်္ကာဖြစ်ခံရကာ အမေရိကန်ပိုင်နက်ဖြစ်သည့် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ဆိုက်ပန်ကျွန်းတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။

ကာဇူယိုရှိမိယူရာသည် လွန်ခဲ့သော ၂၇နှစ်ဖြစ်သည့် ၁၉၈၁ခုနှစ်က ဇနီးဖြစ်သူ ကာဇူမိနှင့်အတူ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့သို့ အလည်အပတ်သွားရောက်ခဲ့သည်။ ထိုစဉ်က မိယူရာသည် အသက်၃၃နှစ်အရွယ်သာရှိသေးသည်။ မိယူရာသည် ဂျပန်နိုင်ငံတွင်းသို့ အဝတ်အထည်တင်သွင်းသူဖြစ်သည့်အလျောက် ဆိုက်ပန်ကျွန်းနှင့်ဂူအန်ကျွန်းများသို့ ပုံမှန်သွားလာနေခဲ့သူဖြစ်သည်။ မိယူရာသည် ၁၉၆၈ခုနှစ် အသက်၂၀အရွယ်တွင် သူ့ထက်နှစ်နှစ်ငယ်သော ကာဇူမိနှင့်လက်ထပ်ခဲ့သည်။

ရှေ့သွားနောက်လိုက်ညီ

မိယူရာနှင့် ကာဇူမိတို့သည် တစ်ဦးနှင့်တစ်ဦး ချစ်ခင်မြတ်နိုးကာ သံယောဇဉ်ကြီးမားပြီး သစ္စာရှိကြသူများ ဖြစ်သည်။ သူတို့နှစ်ဦးသည် ရှေ့သွားနောက်လိုက် ညီသူများဖြစ်ကြသည်။ ခင်ပွန်းမိယူရာက စီးပွားရေးတွင် တစိုက်မတ်မတ် ဖိဖိစီးစီးကြိုးစားသူတစ်ဦးဖြစ်သကဲ့သို့ ဇနီးသည် ကာဇူမိကလည်း ခင်ပွန်းသည်အပေါ်သစ္စာရှိပြီး မယားဝတ္တရားကျေပွန်ကာ အိမ်ထောင်မှု နိုင်နင်းလုံခြုံသူတစ်ဦးဖြစ်သည်။

မိယူရာနှင့်ကာဇူမိတို့၏ အိမ်ထောင်သက် ၁၃နှစ်ရသည့် ၁၉၈၁ခုနှစ်တွင် သူတို့နှစ်ဦး တစ်သက်တာ ကမ္ဘာကြီးခြားသွားအောင် ဝေးကွာရမည့်အဖြစ်ဆိုးနှင့် ရင်ဆိုင်ခဲ့ရသည်။

ထိုစဉ်က မိယူရာနှင့်ကာဇူမိတို့နှစ်ဦးသည် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့သို့အပန်းဖြေခရီးထွက်ခဲ့ကြစဉ်မှာပင် ကားရပ်နားရာနေရာတစ်ခု၌ သေနတ်ဖြင့်ပစ်ခတ်ခံခဲ့ရမှုကြောင့် မိယူရာ၏ ခြေထောက်ကို သေနတ်မှန်ခဲ့ပြီး သူ၏ဇနီး ကာဇူမိမှာမူ ခေါင်းတွင်ဒဏ်ရာရခဲ့သည်။ ကာဇူမိသည် ရရှိခဲ့သော ဒဏ်ရာဖြင့်ပင် ဂျပန်နိုင်ငံအရောက်၌ သေဆုံးခဲ့သည်။ မိယူရာအဖို့ ချစ်ဇနီးသည် ကာဇူမိအတွက် ယူကျုံးမရ စိတ်ထိခိုက်ကြေကွဲခဲ့ရသည်။

ချောက်ချခဲ့

ထို့အပြင် နောက်ပိုင်းတွင် မြွေပူရာ ကင်းမှောက်ဆိုသကဲ့သို့ အမျိုးသမီးရုပ်ရှင်သရုပ်ဆောင်တစ်ဦးက သတင်းစာတစ်စောင်သို့ သူသည် မိယူရာ၏ချစ်သူဖြစ်ကြောင်း၊ လော့စ်အိန်ဂျလိစ်မြို့သို့ အပန်းဖြေခရီးထွက်စဉ် မိယူရာသည် သူတို့ဇနီးမောင်နှံနှစ်ဦး တည်းခိုရာအခန်းတွင် ဇနီးဖြစ်သူ ကာဇူမိကိုသတ်ရန် သူ့အားငှားရမ်းခဲ့ကြောင်း အခိုင်အမာပြောကြား ချောက်ချခဲ့သည်။ ထို့ကြောင့် မိယူရာသည် မိတ်ဆွေတစ်ဦးနှင့်အတူ ဇနီးသည်အားသတ်ရန် ပူးပေါင်းကြံစည်မှုဖြင့် ၁၉၉၄ခုနှစ်တွင် ပြစ်မှုထင်ရှားစီရင်ခြင်း ခံခဲ့ရကာ ထောင်ဒဏ်ခြောက်နှစ်ကျခံခဲ့ရသည်။ မိယူရာ ထောင်လေးနှစ်ကျခံပြီးသည့် ၁၉၉၈ခုနှစ်တွင် ဂျပန်တရားရုံးချုပ်က သူ၏ ထောင်ဒဏ်ကိုပယ်ဖျက်ခဲ့သည်။

အချုပ်အားဖြင့်ဆိုရသော် အရာရာကို သတိဖြင့် အမြဲမပြတ် ဂရုစိုက်နေသင့်သည့် အဖြစ်အား အသက်ရာကျော် မနေရသော်လည်း အမှုတစ်ရာကြုံခဲ့ရသည့် ဂျပန်အထည်အလိပ် စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်သူ ကာဇူယိုရှိမိယူရာ၏ ဖြစ်ရပ်ကို မှုခင်းဖြစ်ရပ်အဖြစ် ဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

အတည်ပြုသည့် မဲတစ်ပြား – ပန်းတိုင်ချီသည့်ခြေလှ

၂၀၀၈ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ်(၁/၂၀၀၈) နှင့် (၂/၂၀၀၈)ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ ကြေညာချက်နှစ်ခုအရ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ စတုတ္ထအဆင့်နှင့်အညီ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်းကို ၂၀၀၈ခုနှစ် မေလတွင်ကျင်းပသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် တပ်မတော်က တာဝန်ယူအုပ်ချုပ်ခြင်းကို ဒီမိုကရေစီပြည်သူ့အုပ်ချုပ်ရေးစနစ်ဖြင့်ပြောင်းလဲရန် သင့်လျော်ပြီဖြစ်၍ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းလာရေးအတွက် အချိန်ဇယားထုတ်ပြန်ခဲ့ပြီးဖြစ်သဖြင့် မိမိတို့ပြည်သူများ၏တာဝန်မှာလည်း တိကျရှင်းလင်းစွာ ထင်ရှားလာပြီ ဖြစ်ပါသည်။

ထို့ပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ကလည်း ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလ ၁၉ရက်နေ့တွင် အမျိုးသားညီလာခံကြီးက ချမှတ်ထားသော အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲပြီး၍ အတည်ပြုမော်ကွန်းတင် လက်မှတ်ရေးထိုးပြီးခဲ့ပါသည်။

အမျိုးသားညီလာခံကြီးကို ၁၉၉၃ခုနှစ်မှ စတင်ကျင်းပလာခဲ့ရာ အဟန့်အတား အနှောင့်အယှက်များကြားမှ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ထောက်ခံမှုဖြင့် ၂၀၀၇ခုနှစ်တွင် အောင်မြင်စွာ ပြီးမြောက်ခဲ့ပါသည်။ **အမျိုးသားညီလာခံကိုယ်စားလှယ်များသည် မြန်မာနိုင်ငံတွင် အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့်၊ အမျိုးသားအကျိုးစီးပွားကို ဖွံ့ဖြိုးတိုးတက်စေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေရှိမှသာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်ဟု မမိုတ်မသုန် ယုံကြည်ခဲ့ကြလေသည်။ သို့မှသာ အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မှု၏အသီးအပွင့်များ တစ်နည်းအားဖြင့် လွတ်လပ်ရေး၏အရသာကို တိုင်းရင်းသားပြည်သူများ မျှမျှတတရရှိခံစားရမည်ဟု ခံယူခဲ့ကြသည်။ ထို့ကြောင့် ပြည်တွင်းပြည်ပ အဖျက်သမားတို့နှင့် ပြည်ပမီဒီယာတို့၏ နှောင့်ယှက်မှုများကြားမှ အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။**

အမျိုးသားညီလာခံကြီး ကျင်းပစဉ် တစ်လျှောက်လုံး ညီလာခံကိုယ်စားလှယ်ကြီးများ၏ ပါဝင်ဆွေးနွေးတင်ပြမှုများကို မြန်မာ့ရုပ်သံနှင့် မြဝတီရုပ်သံတွင် တိုက်ရိုက်တွေ့မြင်သိနားလည်ခွင့်ရသကဲ့သို့ နေ့စဉ်ထုတ် သတင်းစာများ၌လည်း ဆက်တိုက် ဖော်ပြပေးခဲ့သည့်အတွက် အကျယ်တဝင့်ဖတ်ရှုလေ့လာသုံးသပ်နိုင်ခဲ့ပါသည်။ မိမိနိုင်ငံ၏ အသက်သွေးကြောတမျှအရေးကြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်မည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို သုံးသပ်နိုင်သော အခွင့်အလမ်းကို ပြည်သူအားလုံးရရှိခဲ့ကြပါသည်။ ထို့ပြင် နေ့စဉ်ထုတ် သတင်းစာများတွင် ဆောင်းပါးရှင်အသီးသီး၏ အမျိုးသားညီလာခံနှင့် ပတ်သက်သည့် ရှုမြင်သုံးသပ်ချက်များကို ဖတ်ရှုလေ့လာနိုင်ခဲ့သည့်နည်းတူ ဆောင်းပါးရှင် "စိုးမြကျော်"၏ **"အနာဂတ်နိုင်ငံတော် တည်ဆောက်မှုပုံသဏ္ဌာန်၊ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့်အနှစ်သာရ"** ဆောင်းပါးရှည်ကိုလည်း သတင်းစာ၌လည်းကောင်း၊ စာအုပ်အသွင်ဖြင့်လည်းကောင်း လေ့လာမှတ်သားနိုင်ခဲ့ပါသည်။

ထို့မျှမက ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ၂၀၀၇ခုနှစ် ဩဂုတ်လတွင် ထုတ်ဝေသော **"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံစုံညီအစည်းအဝေးများက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ"** စာအုပ်ကိုလည်း လွယ်လင့်တကူ ဝယ်ယူ လေ့လာဖတ်ရှုခွင့် ရခဲ့ကြပြီးဖြစ်ပါသည်။

အမျိုးသားညီလာခံ အောင်မြင်စွာ ပြီးမြောက်ခဲ့ပြီးနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာများအထိ သွားရောက်ကာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံစုံညီအစည်းအဝေးများက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ထပ်ဆင့်ရှင်းလင်းနေသည်ကိုလည်း မိမိတို့ပတ်ဝန်းကျင်၌ ကြားသိတွေ့မြင်နေရပါသည်။

ထိုသို့ ပြည်ထောင်စုကြီး ရေရှည်တည်တံ့ရေးကို အာမခံနိုင်မည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင်ပါဝင်မည့် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများကို လေ့လာသုံးသပ်မိလေတိုင်း နှစ်ခြိုက်ပီတိဖြင့် အနာဂတ်နိုင်ငံတော်သစ်အတွက် အားတက်မိရမြဲ ဖြစ်ပါသည်။ သို့သော် ဆန့်ကျင်ဘက်အဖျက်သမားများကမူ အမျိုးသားညီလာခံကျင်းပပုံကို ရုပ်သံမှလွှင့်နေသည်ကို လည်းကောင်း၊ အခြေခံမူများကို နေ့စဉ်ထုတ် သတင်းစာများ၌ ဖော်ပြပေးသည်ကိုလည်းကောင်း မျက်ကွယ်ပြုကာ သေချာစွာ လေ့လာသုံးသပ်မှု မပြုခဲ့ကြပေ။ ၎င်းတို့နှင့် မသက်ဆိုင်သကဲ့သို့နေရုံတင်မက ဆီလိုအပေါက်ရှာ ဆန့်ကျင်အပြစ်တင် နေပုံကိုပါ တွေ့ရသောအခါ မြန်မာနိုင်ငံသား မပီသလေခြင်းဟု သုံးသပ်မိပါသည်။

ဤသို့ အမျိုးသားညီလာခံကြီး၏ အနှစ်သာရကို ခံစားနိုင်ပါလျက် လေ့လာခံစားမှုမရှိပါက ပြည်တွင်းပြည်ပအဖျက်သမားတို့ လှည့်စားရာနှင့် ပါတီနိုင်ငံရေးသမားများ၏ ဖြားယောင်းရာကို ပါသွားနိုင်ပါသည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်ဝန်းအတွက် အသက်တမျှအရေးပါလှပေသည်။ ကုန်းဘောင်ခေတ်၌ ယောအတွင်းဝန်ဦးဘိုးလှိုင် ပြုစုသော ရာဇဓမ္မသင်္ဂဟကျမ်းသည် မြန်မာနိုင်ငံ၏ ကနဦးပေါ်ပေါက်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေသဖွယ်ဖြစ်ခဲ့ပါသည်။ ထို့နောက် ၁၉၄၇ခုနှစ်၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ခဲ့ပြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ရပ်ထက် ယခုရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေက ပိုမိုသာလွန်မှု တစ်ခုမှာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များအပါအဝင် တိုင်းရင်းသားကိုယ်စားလှယ် ၆ဝရာခိုင်နှုန်းပါဝင်သည့် အစုအဖွဲ့ရှစ်ဖွဲ့မှကိုယ်စားလှယ် ၁၀၀၀ကျော် ပါဝင်တက်ရောက်သော"အမျိုးသားညီလာခံကြီး"က ညှိနှိုင်းချမှတ်ခဲ့သည့် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများကို အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၀၀ကျော် စုပေါင်းနေထိုင်သောကြောင့် ပြည်ထောင်စုစနစ်ဖြင့် နေထိုင်သွားရန် ပေါ်ပေါက်လာမည့် အခြေခံဥပဒေက ဖွင့်ဆိုထားပါသည်။ ပေါ်ပေါက်လာမည့် အခြေခံဥပဒေအရ တိုင်းဒေသကြီး (၇)ခု၊ ပြည်နယ် (၇)ပြည်နယ်နှင့် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် "ဓနု"၊ "ပအိုဝ်း"၊ "ပလောင်"၊ "ကိုးကန့်"နှင့် "နာဂ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများကိုလည်း သတ်မှတ်ပြဋ္ဌာန်းပေးထားပါသည်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအခန်း(၁၀) ပုဒ်မ(၂၀၁)တွင် ပြည်ထောင်စုမှ ခွဲထွက်ခွင့်ကို ထည့်သွင်းပြဋ္ဌာန်းမိခဲ့သဖြင့် ၁၉၆၂ ခုနှစ်တွင် ဖက်ဒရယ်မူပြဿနာမျိုး ပေါ်ပေါက်ခဲ့ရသည့် သင်ခန်းစာကိုယူ၍ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံကို ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၌ ရေးဆွဲထားပါသည်။

ထို့ကြောင့် **ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်ရမည့် အသေးစိတ်အခြေခံရမည့်မူများတွင် နိုင်ငံတော်တွင်ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ စသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ မခွဲထွက်ရဟု ချမှတ်ထားသည်ကို တွေ့ရပါသည်။**

ယခုပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အနာဂတ်နိုင်ငံတော်၌ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် (၇)ခု၊ ပြည်နယ်လွှတ်တော် (၇)ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့တစ်ဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ (၅)ဖွဲ့ဟူ၍ ဥပဒေပြုရေးအခွင့်အာဏာ ခွဲဝေကျင့်သုံးထားပါသည်။

တပ်မတော်သည် တိုင်းပြည်ချောက်ကမ်းပါးထဲ ကျခါနီးတိုင်း အမျိုးသားနိုင်ငံရေးတာဝန်ဖြစ်သော နိုင်ငံတော်ကာကွယ်ရေးနှင့် အချုပ်အခြာအာဏာထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်ကို ထမ်းဆောင်ခဲ့ရကြောင်း၊ ၁၉၄၈ ခုနှစ်၊ ၁၉၅၈ ခုနှစ်၊ ၁၉၆၂ခုနှစ်နှင့် ၁၉၈၈ခုနှစ် သမိုင်းဖြစ်စဉ်များက သက်သေပြုလျက်ရှိသည်။ သို့သော် ပါတီနိုင်ငံရေးသမားတို့က ၎င်းတို့အကျပ်အတည်းကြုံလာမှသာ တပ်မတော်ကို သတိရကြပြီး မိမိတို့အာဏာတတ်မွတ်လာပါက တပ်မတော်ကို ရန်ရှာကြနေမြဲ ဖြစ်ကြပါသည်။ ထို့ကြောင့် အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်ပါဝင်မှုကို ဆန့်ကျင်နေကြခြင်းဖြစ်ပါသည်။ သို့ရာတွင် သတ်မှတ်ထားသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၄၀ ရှိရာတွင် လူဦးရေကို အခြေခံ၍ ရွေးကောက်တင်မြှောက်မည့် ကိုယ်စားလှယ်ဦးရေမှာ ၃၃၀ ဖြစ်ပြီး တပ်မတော်ကိုယ်စားလှယ်မှာ ၁၁၀ ပါဝင်မည်ဖြစ်သဖြင့် တပ်မတော်ကိုယ်စားလှယ်သည် အရွေးခံထားရသော လွှတ်တော်ကိုယ်စားလှယ်၏ သုံးချိုးတစ်ချိုးသာ ရှိသည်ကို တွေ့ရပါမည်။ အမျိုးသားလွှတ်တော် ဖွဲ့စည်းရာ၌လည်း ကိုယ်စားလှယ် ၂၂၄ဦး သတ်မှတ်ထားကာ ၁၆၈ဦးအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက အချိုးညီ ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်အဖြစ် သတ်မှတ်ထားပြီး ကျန် ၅၆ ဦးကိုသာ တပ်မတော်ကိုယ်စားလှယ်အဖြစ် သတ်မှတ်ထားသည်ကို တွေ့ရပေသည်။ ယင်းသို့တပ်မတော်ကိုယ်စားလှယ်များ ပါဝင်မှုသည် အများသဘောတူ ဆုံးဖြတ်ရမည့်ကိစ္စများ၌ အသာစီးရယူမှုမျိုးမရှိဘဲ နိုင်ငံတော်အကျိုးစီးပွားအတွက် လိုအပ်ပါက ထိန်းညှိနိုင်ရန်အတွက် အပြုသဘောဆောင်နေကြောင်း ထင်ရှားစွာ တွေ့ရပေသည်။

မြန်မာနိုင်ငံ၏ လူဦးရေအနေအထားအရ ဗမာတိုင်းရင်းသားက လူဦးရေအများဆုံးဖြစ်ရာ လူဦးရေကိုအခြေခံ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်ရွေးလျှင် တိုင်းရင်းသားများ နစ်နာနိုင်ပါသည်။ ယခု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်ရာ၌ မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ရွေးချယ်မည်ဖြစ်ရာ လူဦးရေနည်းသော တိုင်းရင်းသားများအတွက် လွှတ်တော်ကိုယ်စားလှယ်များ အရေအတွက် ပိုမိုရရှိစေသည်ကို တွေ့ရပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသ မရရှိကြသော တိုင်းရင်းသားအသီးသီးအတွက်ကိုလည်း မနစ်နာစေရန် နိုင်ငံလူဦးရေ၀ဒသမ၁ ရာခိုင်နှုန်းအထက် လူဦးရေရှိလျှင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဥပဒေပြုရေးတွင် ကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ခွင့် ပေးထားလေသည်။

"နိုင်ငံသူ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း" တွင်လည်း ဒီမိုကရေစီအခွင့်အရေးများ အပြည့်အဝ ပေးထားပါသည်။ ပုဒ်မ(၄၂)တွင် **"နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးကို စောင့်ထိန်းရန်တာဝန်ရှိသည်"**ဟု ထည့်သွင်းသတ်မှတ်ထားသည်ကို တွေ့ရလေသည်။ **နိုင်ငံသားတိုင်း ဤအမျိုးသားနိုင်ငံရေး မူဝါဒကို စောင့်ထိန်းကျင့်သုံးကြသည်နှင့်အမျှ ပြည်ထောင်စုကြီးအရှည်တည်တံ့မည်ဖြစ်ပြီး မြန်မာ့မြေပုံသည် ကမ္ဘာ့အလယ်တွင် အရှည်ခံ့တည်တံ့နေမည်ဖြစ်ပါသည်။ နိုင်ငံသားသတ်မှတ်ချက်နှင့်စပ်လျဉ်း၍ မြေမျိုလျှင် လူမျိုးမပြုတ်၊ လူမျိုလျှင် လူမျိုးပြုတ်မည်ဆိုသည့်စကားရပ်ကို မျက်ခြည်မပြတ် အလေးဂရုပြုရမည်ဖြစ်သည်။** **နိုင်ငံရေးပါတီများအခန်းနှင့်စပ်လျဉ်း၍လည်း အမျိုးသားညီလာခံကိုယ်စားလှယ်များက ပါတီစုံစနစ်နှင့် တစ်ပါတီစနစ်တို့ ကောင်းမွေဆိုးမွေတို့ကို သမိုင်းအတွေ့အကြုံနှင့်ယှဉ်၍ ဂုဏ်သိက္ခာရှိသော ပါတီစုံစနစ်သို့ရောက်ရှိရန် အကျေအလည် ညှိနှိုင်းဆွေးနွေးအကြံပြုပြီး အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ထားသည်ကို တွေ့ရလေသည်။**

အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ခွဲဝေကျင့်သုံးပုံ အဆင့်ဆင့်၌လည်း တိုင်းရင်းသားပြည်သူများလက်ဝယ်သို့ စနစ်တကျ

ပေါ်ပေါက်ခဲ့ပြီးသေ...
ထားသော ဖွဲ့စည်းပုံအ...
အတွင်း ဝင်ရောက်လာ...
ကိုယ်စားလှယ်များ အ...
ပါဝင်သည့် အစုအဖွဲ့ရှ...
သော "အမျိုးသားညီ...
အသေးစိတ်အခြေခံရမ...

အပ်နှံသော ယခုဖွဲ့စည်းပုံအခြေခံဥပဒေ၏အနှ... ခံစားလေ့လာနိုင်ပါသည်။ ဥပဒေပြုရေးနှင့်ပ... လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှ... လွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များက... သကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများက... ဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာ... တွေ့မြင်နိုင်ပါသည်။

တရားစီရင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထော... တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်န... ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများ၊ ကို... တရားရုံးများ၊ ခရိုင်နှင့်မြို့နယ်တရားရုံးများ၊ စစ်... နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့်... တရားစီရင်ရေးအာဏာကို ခွဲဝေကျင့်သုံးသွား...

အုပ်ချုပ်ရေးနှင့်ပတ်သက်၍ သမ္မတအ... နိုင်ငံတော်၏အုပ်ချုပ်ရေးအာဏာကို ပြည်ထော... အစိုးရများနှင့် ပြည်နယ်အစိုးရများအား ခွဲ... ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ကိုယ်... ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ပေးသ... တို့ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ...

ပြည်ထောင်စုဖွား တိုင်းရင်းသားတစ်... ကိုယ်စားပြုသည့် အမျိုးသားညီလာခံ ကိုယ်... တက်ကြွသော အမျိုးသားရေးစိတ်ဓာတ်ဖြင့် ... ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ရပ်၏ အားနည်းချ... စိစစ်သုံးသပ်ပြီး ယနေ့မြန်မာ့လူဘောင်(ဝါ)...

အမျိုးသားညီလာခံကိုယ်စားလှယ်များသည် မြန်မာနိုင်ငံတွင် အမျိုးသားအကျိုးစီးပွားကို ... နိုင်မည့်၊ အမျိုးသားအကျိုးစီးပွားကို ဖွံ့ဖြိုးတိုးတက်စေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေရှိမှသာ ... သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်ဟု ... ယုံကြည်ခဲ့ကြလေသည်။ သို့မှသာ အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မှု၏အသီးအပွင့်များ တစ်န... လွတ်လပ်ရေး၏အရသာကို တိုင်းရင်းသားပြည်သူများ မျှမျှတတရရှိခံစားရမည်ဟု ခံယူခဲ့ကြသည်။ ... ပြည်တွင်းပြည်ပ အဖျက်သမားတို့နှင့် ပြည်ပမီဒီယာတို့၏ နှောင့်ယှက်မှုများကြားမှ အမျိုးသားညီ... အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

…သည့်ခြေလှမ်းများ

ခြင်ကျား(မအူပင်)

ပေါ်ပေါက်ခဲ့ပြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ရပ်ထက် ယခုရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေက ပိုမိုသာလွန်မှုတစ်ခုမှာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များ အပါအဝင် တိုင်းရင်းသားကိုယ်စားလှယ် ၆ဝရာခိုင်နှုန်း ပါဝင်သည့် အစုအဖွဲ့ရှစ်ဖွဲ့မှ ကိုယ်စားလှယ် ၁၀၀၀ကျော် ပါဝင်တက်ရောက်သော "အမျိုးသားညီလာခံကြီး" က ညှိနှိုင်းချမှတ်ခဲ့သည့် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများကို အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်သည်။

အပ်နှံသော ယခုဖွဲ့စည်းပုံအခြေခံဥပဒေ၏အနှစ်သာရကို နိုင်ငံသားများ ခံစားလေ့လာနိုင်ပါသည်။ ဥပဒေပြုရေးနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များကို အာဏာခွဲဝေအပ်နှံထားသကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို အပ်နှင်းထားသည်ကို တွေ့မြင်နိုင်ပါသည်။

တရားစီရင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများ၊ ခရိုင်နှင့်မြို့နယ်တရားရုံးများ၊ စစ်ဘက်ဆိုင်ရာတရားရုံးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် တရားရုံးအဆင့်ဆင့်တို့ဖြင့် တရားစီရင်ရေးအာဏာကို ခွဲဝေကျင့်သုံးသွားမည်ဖြစ်သည်။

အုပ်ချုပ်ရေးနှင့်ပတ်သက်၍ သမ္မတအုပ်ချုပ်သော စနစ်ဖြစ်ပြီး နိုင်ငံတော်၏အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရများနှင့် ပြည်နယ်အစိုးရများအား ခွဲဝေအပ်နှင်းပုံအဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ပေးသည့်အတိုင်း ခွဲဝေအပ်နှင်းပုံတို့ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လေ့လာတွေ့ရှိနိုင်ပါသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားတစ်ရပ်လုံးကို ကျယ်ပြန့်စွာ ကိုယ်စားပြုသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များက နိုးကြားတက်ကြွသော အမျိုးသားရေးစိတ်ဓာတ်ဖြင့် အတိတ်က ရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ရပ်၏ အားနည်းချက်၊ အားသာချက်များကို စိစစ်သုံးသပ်ပြီး ယနေ့မြန်မာ့လူဘောင်(ဝါ) ပြည်ထောင်စု၏ အကျိုးစီးပွားနှင့် ကိုက်ညီမှန်ကန်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီးဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မရှင်ကလည်း ရတောင့်ရခဲသော အမျိုးသားရေးတာဝန်အဖြစ် ခံယူ၍ အမျိုးသားညီလာခံကြီးကချမှတ်ထားသော အခြေခံမူနှင့်အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲအတည်ပြုခဲ့ပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးတော့မည်ဖြစ်ရာ နိုင်ငံတော်ကို ဦးစီးဦးဆောင်ပြုမည့် အဖွဲ့အစည်းများအတွင်း မူဝါဒနှင့် ရည်ရွယ်ချက်ချင်း မတူညီကြသည့်၊ ကွဲပြားခြားနားမှုရှိကြသည့် အဖွဲ့အစည်းပေါင်းစုံမှ ပုဂ္ဂိုလ်များ ပါရှိလာမည်ဖြစ်သည်။ ယခုရေးဆွဲပြီးစီးခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေသည် ထိုပုဂ္ဂိုလ်များ နိုင်ငံတော်ကို ဦးစီးဦးဆောင်ပြုသည့်အခါတွင် နိုင်ငံ့အကျိုး၊ ပြည်သူများ၏ အကျိုးစီးပွားကို မဖောက်မပြန် ရှေးရှုဆောင်ရွက်နိုင်ရန် ထိန်းကျောင်းပေးသည့် ပဋိညာဉ်စာချုပ်ကြီးပင် ဖြစ်သည်။

ထို့ပြင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတို့၏ ဆန္ဒနှင့်အညီ အတည်ပြု ပြဋ္ဌာန်းပြီးပါက အနောက်အင်အားကြီးနိုင်ငံအချို့၏ မြန်မာနိုင်ငံကို ခေတ်သစ်နည်းဖြင့် ကျွန်ပြုရေး၊ သြဇာခံအခြေအရံ နိုင်ငံထူထောင်ရေးစီမံချက်နှင့် ပြည်တွင်းရှိ ပြည်ပသြဇာခံ ပုဂ္ဂိုလ်အချို့၏ ဖြတ်လမ်းနည်းဖြင့် အာဏာရယူရေးစီမံချက်များ သည်လည်း မလွဲမသွေ ပျက်စီးချုပ်ငြိမ်း မိုက်ဇာတ်သိမ်းတော့မည် ဖြစ်လေသည်။

ပြည်သူတို့ မျှော်မှန်းသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်ရေးနှင့် တည်တံ့ခိုင်မြဲရေး ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးတို့သည် အဓိကကျသော အခြေခံလိုအပ်ချက်များ ဖြစ်ပါသည်။ ထိုအခြေခံကောင်းများကို တပ်မတော်သည် ပြည်သူနှင့်လက်တွဲ၍ ကြိုးပမ်းဖော်ဆောင်ပေးထားပြီးဖြစ်သည်။ ပြည်တွင်းပြည်ပအဖျက်သမားတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ မပေါ်ထွက်မီ၌ စိုးရိမ်ကြောင့်ကြစွာ ဟန့်တားနှောင့်ယှက်ကြသကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုရာ၌လည်း ဟန့်တား နှောင့်ယှက်ကြမည်ဖြစ်ရာ အဖျက်အန္တရာယ်မှန်သမျှ၏ ဦးတည်ချက်ကို နားလည်သိရှိပြီး အမျိုးသားရေးသတိအစဉ်ရှိလျက် တွန်းလှန်ဖယ်ရှားသွားကြရမည်သာ ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတော်နှင့်ပြည်သူတို့ မျှော်မှန်းသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ စတုတ္ထအဆင့်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပါဝင် ထမ်းဆောင်ကြပါစို့ ....။

ပြည်ထောင်စုကြီး ရေရှည်တည်တံ့ရေးကို အာမခံနိုင်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုကြရာ၌ ထောက်ခံဆန္ဒမဲတစ်ပြားကို အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် သတ်မှတ်အတည်ပြုကြပါစို့ ....။

မိမိတို့၏ ထောက်ခံဆန္ဒမဲတစ်ပြားသည် လောကပါလတရားများ ထွန်းကားသော နိုင်ငံတော်သစ်ကို ချီတက်ရာ၌ တူညီသောခြေလှမ်းသစ်အဖြစ် မျှော်မှန်းအတည်ပြုကြပါစို့ဟု နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။ ။

…အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်
…ည်းပုံအခြေခံဥပဒေရှိမှသာ အေးချမ်း
…ကို တည်ဆောက်နိုင်မည်ဟု မမှိတ်မသုန်
…က်မှု၏အသီးအပွင့်များ တစ်နည်းအားဖြင့်
…ခံစားရမည်ဟု ခံယူခဲ့ကြသည်။ ထို့ကြောင့်
…မှုများကြားမှ အမျိုးသားညီလာခံကြီးကို

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာသကျ အတုလမာရ်အောင်ဘွဲ့တော်ဆောင်သော ငါးထပ်ကြီးဘုရားကြီး၏ ကားအတက်/အဆင်း စောင်းတန်း အသစ်ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းအတွက် တောင်ဥက္ကလာပမြို့နယ် ၃ရပ်ကွက် ၅လမ်း အမှတ်၆၁/အေ နေ ဦးသောင်းညွန့်က အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ငါးထပ်ကြီးဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးသောင်းရွှေ(ငြိမ်း)က လက်ခံစဉ်။ (က-ပ)

● ကျောဖုံးမှ

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ခင်ဦးမြို့နယ် သင်ပေါင်းကျေးရွာ၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးပွဲသို့ ရောက်ရှိပြီး ခြံစည်းရိုးကြက်ဆူမျိုးစေ့များကို ပျိုးအိတ်အတွင်း ထည့်သွင်းစိုက်ပျိုးပေးကာ တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူမျိုးစေ့ တစ်သိန်းတပျော်တပါး စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က သင်ပေါင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ဆောက်လုပ်ရန်အတွက် ငွေကျပ် ၁၀ သိန်းကို ပေးအပ်ရာ ခင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ကျောင်းအုပ်ဆရာကြီးတို့က လက်ခံကြသည်။

ထည့်သွင်းစိုက်ပျိုးပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကန့်ဘလူမြို့နယ် ပဒိုကြီးကျေးရွာ၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးပွဲသို့ရောက်ရှိကြပြီး ခြံစည်းရိုးကြက်ဆူမျိုးကိုင်းများကို လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တာဝန်ရှိသူများထံပေးအပ်ကြကာ မျိုးကိုင်းများကို ပျိုးအိတ်အတွင်း ထည့်သွင်းစိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၁၀၃)ရှိ တည်ဆောက်ပြီးစီးသွားသည့် ဘူးကွဲ(၂)တံတားကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ရွှေဘိုနှင့် ကသာခရိုင်နယ်စပ်ရှိ ခရမ်းစပ်ကုန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေက မိုင်တိုင်အမှတ် ၁၁၄/၇မှ ၂၃၂/၀အတွင်း လမ်း၊ တံတားနှင့် ရေကျော်များ ပြီးစီးမှု၊ မိုင်တိုင်အမှတ် ၁၁၅ နှင့် ၁၁၈ အကြား လမ်းဖြောင့်ဖောက်လုပ်ရေးအတွက် လမ်းအူကြောင်းရှာဖွေထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဧရာဝတီမြစ်၏ မြေနုသောင်ပြင်၌ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိသည့် ဆီထွက်နေကြာနှင့် သီးနှံစိုက်ခင်းများကိုသွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ဘူလ်ဂေးရီးယားနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၃

၂၀၀၈ခုနှစ် မတ် ၃ရက်၌ ကျရောက်သော ဘူလ်ဂေးရီးယား သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အီဗိုင်လို ကာလ်ဖင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ရန်ကုန် မတ် ၂

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း လုပ်ငန်းစုရုံး ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ဖေဖော်ဝါရီ ၂၉ရက် ညနေ ၅နာရီက မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ပြည်နယ်မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ရာသို့ ပြည်နယ် မီးသတ်တပ်ဖွဲ့မှူး ဦးတင်ဦး (လက်ထောက် ညွှန်ကြားရေးမှူး) ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းဌာနခွဲမှူး (လုပ်ငန်းစု) ဦးလှကျော်ဦးနှင့် ဝန်ထမ်းများ၊ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံဇုန်နယ်မှူး ဦးစိန်သောင်းနှင့် ဝန်ထမ်းများ၊ လားရှိုးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဆန်းဝင်း၊ လားရှိုးမြို့ ကိုယ်ပွားသတင်းစာတိုက်မှတာဝန်ခံအရာရှိ ဦးဇော်လွင်နှင့် ဝန်ထမ်းများ၊ အလုပ်သမားဝန်ကြီးဌာနကုန်တင်ကုန်ချ ဦးစီးအရာရှိ ဦးဇော်ဝင်း၊ လူမှုဝန်ထမ်းဦးစီးအရာရှိ ဦးစာမွှေ့၊ အလုပ်သမားဥပဒေဦးစီးအရာရှိဦးမောင်မောင်လှိုင်တို့ပါဝင်ခဲ့ကြောင်း သိရသည်။**(က-ပ)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၀)ဖြန့်ချိ

ရန်ကုန် မတ် ၂

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၀)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏**'အတုလိုက်သူများ အတုကြိုက်သူများ'** အယ်ဒီတာ့ဒိုင်ယာရီနှင့်အတူ ရန်ကုန်မြို့တွင်း ဘတ်စ်ကားများဝင်ခွင့်မပြုတော့ဘဲ မြို့တွင်းခြောက်မြို့နယ် သီးသန့်ဘတ်စ်များဖြင့် ပို့ဆောင်မည့်အစီအစဉ် လေ့လာနေ၊ လမ်းဘေးတွင် ရောင်းချနေသော အသားကင်အချို့၌ အစားအသောက်တွင် ခွင့်ပြုမထားသော ဆိုးဆေးများတွေ့၊ မြန်မာ့သစ်အချောထည်များ ဝယ်ယူရန် ရုရှားအဖွဲ့လာရောက်ဆွေးနွေး၊ မန္တလေးရတနာပုံဈေးမီးလောင်မှုအတွက် အာမခံဆိုင်ရာစစ်ဆေးမှုများ စတင်လုပ်ဆောင်လျက်ရှိ စသည့်ပြည်တွင်းရေးရာသတင်းများနှင့်အတူ အလုပ်နှင့်ပညာရေး လမ်းညွှန် **'နိုင်ငံခြားပညာသင်ဆု ဘယ်လိုယူမလဲ....'**နှင့် **'ဂျပန်ရက်တိုအလည်အပတ်ဗီဇာသိကောင်းစရာ'**၊ **'ဒီမိုကရေစီစနစ်ကြောင့် အာရှတွင် နီပေါရှေ့တန်းရောက်လာမည်'**ကဲ့သို့သော သုံးသပ်ဆောင်းပါးများဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'သမ္မတဘုရှ်ရဲ့ ရေပန်းမစားမှုနောက်မှာ ဥရောပသားတွေ ပုန်းနေကြတယ်ဗျာ'အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးဝန်ကြီးဟောင်းနှင့် ဝါရင့်သံတမန်တစ်ဦးဖြစ်သော ဒေါက်တာဟင်နရီကစ်ဆင်ဂျာနှင့် တွေ့ဆုံခြင်း အင်တာဗျူးဆောင်းပါးနှင့်အတူ အင်္ဂလန်ထောင်များ၌ အကျဉ်းသားများပြည့်နေ၍ ရာဇဝတ်သား ထောင်နှင့်ချီလွှတ်ပေးမည်၊ သက်ဆင် ထိုင်းမြေပေါ်တွင်သာ ခေါင်းချတော့မည်၊ အမြွှာပူးများသည် ယုံကြည်ထားကြသလို မတူညီကြ စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ဖျော်ဖြေရေးနှင့်အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၃-၃-၂၀၀၈ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၀၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈:၁၅ ၇။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Grammar made Easy
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading (Lesson-9)
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရသစာပေအရေးအသား အထူးပြု) [ရသစာပေအရေးအသား]
- ၁၇:၀၀ ၅။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၃ခုနှစ်)
- ၁၇:၁၀ ၆။ အကပဒေသာ
- ၁၇:၂၀ ၇။ မြန်မာစာ မြန်မာစကား
- ၁၇:၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
- ၁၇:၄၀ ၉။ **ချောင်းကမ်းဘေးကရွာကလေး** နွဲ့နွဲ့စန်း၊ မြင့်မြင့်ခိုင်၊ ထင်ပေါ်၊ သဇင် [ဒါရိုက်တာ-မြင့်စိုး (ဝ/သ ရန်ကုန်)]
- ၁၇:၅၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၁၈:၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈:၂၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
- ၁၈:၅၅ ၁၄။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၉:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တယ်...ချစ်တယ်**(အပိုင်း-၄)
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာမျဉ်းပြိုင်** (အပိုင်း-၈)

စာမျက်နှာ ၃ မှ

နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းတည်ဆောက်ရာ၌ ချမှတ်ထားသော မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စတုတ္ထအဆင့်သို့ ရောက်ရှိပြီး လာမည့်မေလ၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ပြည်သူအများစု၏ဆန္ဒအရ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုသွားမှာဖြစ်ကြောင်း၊ ၂၀၁၀ခုနှစ်၌ အတည်ပြုထားသည့် အခြေခံဥပဒေအရ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို ဆက်လက်ကျင်းပသွားမှာ ဖြစ်ကြောင်း။

နိုင်ငံတော်သစ်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားအားလုံး၌ တာဝန်ရှိကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မူကြမ်းကို အလွှာပေါင်းစုံ၊ လူထုလူတန်းစားပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံတို့ကို ကိုယ်စားပြုသည့် အမျိုးသားညီလာခံကြီးက ချမှတ်ထားပြီးသော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ရေးဆွဲထားပြီးဖြစ်ကြောင်း။

အဆုံးအဖြတ်

နိုင်ငံတော်သစ်အတွက် အမှန်တကယ်လိုအပ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်နယ်၊ တိုင်းအသီးသီး၌ အတူတကွ ပူးပေါင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားပြည်သူများက ဆန္ဒမဲပေး၍ အဆုံးအဖြတ်ပြုရမှာဖြစ်ကြောင်း။

ယနေ့ပြည်သူများသည် ၁၉၈၈ခုနှစ်က ပြည်သူများမဟုတ်တော့ကြောင်း၊ အကောင်းနှင့်အဆိုး၊ အပြုသဘောလုပ်ရပ်နှင့် အဖျက်သဘောလုပ်ရပ်များကို မှန်မှန်ကန်ကန် ခွဲခြားသိမြင်တတ်သည့် ပြည်သူများဖြစ်ကြကြောင်း။

မျိုးချစ်စိတ်ဓာတ်

နိုင်ငံတော်၏ အနာဂတ်သည် စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်၊ တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ် ထက်သန်သော ပြည်သူများ၏အဆုံးအဖြတ်ပေါ်၌သာ တည်မှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ထားဝယ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ထားဝယ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ ထားဝယ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် စစ်မှုထမ်းဟောင်းအဖွဲ့တို့အတွက် ဝတ်စုံများ၊ အခြေခံပညာကျောင်းများအတွက် ကျောင်းသုံးစာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများကို တာဝန်ရှိသူများထံ ပေးအပ်ပြီး တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထားဝယ်တက္ကသိုလ်

တွေ့ဆုံပွဲအပြီးတွင် ထားဝယ်တက္ကသိုလ်သို့သွားရောက်ကြပြီး ပင်မဆောင်ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ Ever Green Fine Arts Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးသန်းရွှေက ပင်မဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ဒုတိယပါမောက္ခချုပ်ဦးကျော်ကျော်ငွေးက ပညာသင်ကြားပို့ချမှုအခြေအနေများ၊ ပါရဂူဘွဲ့ရရှိသူများ မွေးထုတ်ပေးနိုင်မှုများ၊ တက္ကသိုလ်၏သုတေသနလုပ်ငန်း ဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးညွန့်တို့က ထားဝယ်တက္ကသိုလ် ပင်မဆောင်တည်ဆောက်ရေးလုပ်ငန်းများ၊ ပညာသင်ကြားရေးဆိုင်ရာကိစ္စများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က တက္ကသိုလ်ပရဝဏ်အတွင်း စိမ်းလန်းစိုပြည်ရေးအတွက် ပန်းအလှပင်များ၊ အရိပ်ရသစ်ပင်များစိုက်ပျိုးရေး၊ ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ အရည်အချင်းအရည်အသွေးများ အစဉ်တိုးတက်နေရေးအတွက် ပညာကို အဆက်မပြတ်လေ့လာဆည်းပူးရေး၊ မိမိတို့၏ တပည့်ကျောင်းသား ကျောင်းသူများကိုလည်း နိုင်ငံတော်နှင့် ဒေသက အားထားရသည့် ပညာရှင်များဖြစ်အောင်၊ အသိပညာ၊ အတတ်ပညာအရ တကယ်တတ်ကျွမ်းသူများဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးရေး၊ ကိုယ်ကျင့်တရားကောင်းမွန်အောင် ပြုစုပေးရေး၊ ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်း၊ နိုင်ငံတော်၏ ဥပဒေစည်းမျဉ်းစည်းကမ်းတို့ကို လိုက်နာသူများဖြစ်အောင်၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်ရှိနေအောင် လေ့ကျင့်သင်ကြားပေးရေးတို့နှင့်စပ်လျဉ်း၍ မှာကြားပြီး ပင်မဆောင် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ကြပြီး ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမကြီးများအား တွေ့ဆုံသည်။

ပညာပေးကာကွယ်ကုသ

ယင်းသို့ တွေ့ဆုံရာတွင် ဝန်ကြီးချုပ်က ပြည်သူများအနေဖြင့် ကျန်းမာရေးအသိပညာများ ကျယ်ပြန့်စွာ သိရှိလာစေရန် ရောဂါကာကွယ်နိုင်သည့်နည်းများ၊ ရောဂါမဖြစ်ပွားရေးအတွက် ရှောင်ကြဉ်သင့်သည်များကို ပညာပေးရန်၊ ရောဂါဖြစ်လာပါက ထိထိရောက်ရောက်ဖြင့် စေတနာထားကုသပေးရန်၊ ကျေးလက်အရောက် သွားရောက်၍ ပညာပေးကာကွယ်ကုသပေးကြရန်တို့ကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဓာတ်မှန်ဌာန၊ လူနာဆောင်များနှင့် ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် သက်ဆိုင်ရာ တာဝန်ခံဆရာဝန်ကြီးများက လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ဆေးပဒေသာပင် အလှူငွေများကို ဆေးရုံအုပ်ကြီးဦးထွန်းနေအောင်ထံ ပေးအပ်လှူဒါန်းသည်။

လှည့်လည်ကြည့်ရှု

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် နည်းပညာတက္ကသိုလ်(ထားဝယ်)သို့ သွားရောက်ကြပြီး တက္ကသိုလ်အဝင်လမ်းမကြီး ဖောက်လုပ်နေမှုအခြေအနေများကိုလည်းကောင်း၊ ပင်မသုံးထပ်စာသင်ဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ Kyaw Tha Construction Group Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးမောင်အေးက နည်းပညာတက္ကသိုလ် (ထားဝယ်) ပင်မသုံးထပ်စာသင်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

နည်းပညာတက္ကသိုလ်(ထားဝယ်)

ဆက်လက်၍ နည်းပညာတက္ကသိုလ်(ထားဝယ်) ကျောင်းအုပ်ကြီး ဒေါက်တာနန်းနီနီမြင့်နှင့် ကွန်ပျူတာတက္ကသိုလ်(ထားဝယ်) ကျောင်းအုပ်ကြီး ဒေါက်တာသီသီစိုးတို့က တက္ကသိုလ်အလိုက် ဆရာ ဆရာမနှင့် ဝန်ထမ်းအင်အား၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှု၊ သင်ကြားပေးသည့် ဘာသာရပ်ဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ တိုင်းမှူးနှင့် ဗိုလ်ချုပ်သာအေးတို့က ကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ရာလက်သား ကောင်းမွန်စွာဖြင့် နည်းပညာတက္ကသိုလ်(ထားဝယ်)ကို အပြီးသတ်တည်ဆောက်ရေး၊ တက္ကသိုလ်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရပင်၊ ပန်းအလှပင်များ စိုက်ပျိုးရေး၊ တက္ကသိုလ်၏ ဂုဏ်သိက္ခာမြင့်မားရေး၊ မိမိဇာတိ၊ မိမိကျောင်းကို အမြဲအမှတ်တရဂုဏ်ယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်တို့ကို မှာကြားသည်။ **(သတင်းစဉ်)**

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပရာ ပရိသတ်များ ဤသို့ စိတ်ဝင်တစား ကြည့်ရှုအားပေးကြစဉ်။ (မြန်မာ့အလင်း)

ဝင်းထွန်းက စောဇော်လွင်ကို ဒိုင်ပွဲရပ်ဖြင့်နိုင် ဇွဲသတ္တိက အောင်စစ်မင်းကို အလဲထိုး

သတင်းမြင်ကွင်းနှင့် မှတ်တမ်းဓာတ်ပုံ သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၂

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ရန်ပုံငွေပွဲအဖြစ် စုပေါင်းကြွကာက ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂နာရီက သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၌ ကျင်းပသည်။

အနားတောင်း

ထိုးလုံးထိုးပေါက်ကောင်းပြီး အားပါလှသည့် ဘယ်ညာတွဲ လက်သီးများနှင့် ညာခြေကန်ချက် ပြင်းထန်လှသည့် ဝင်းထွန်း(လယ်/ဆည်)က မာကျောကျစ်လျစ်သည့် စောဇော်လွင်(ရွှေလက်ရာ)ကို ပထမအချီ ၁မိနစ် ၃၅စက္ကန့်၌ အလဲထိုးရာ စောဇော်လွင် အနားတောင်းရသည်။

ဆက်လက်ယှဉ်ပြိုင်ရာ ဝင်းထွန်းက အတင်းဖိ၍ ဘယ်ညာလက်သီးတွဲများ၊ ပြင်းထန်သည့် ခြေကန်ချက်များက စောဇော်လွင်ကို အထိနာစေခဲ့ရာ ဒိုင်လူကြီးက လက်ရည်မမျှသဖြင့် ပွဲရပ်ပြီး ဝင်းထွန်း(လယ်/ဆည်)အား ဒိုင်ပွဲရပ်ဖြင့် အနိုင်ပေးခဲ့သည်။

အလဲထိုး

ဇွဲသတ္တိ(သူရဲကောင်း)နှင့် အောင်စစ်မင်း (နှစ်ရှည်ဥယျာဉ်)တို့ပွဲက ကြည့်ကောင်းလှသည်။ အချုပ်အတိုက်ကောင်းသည့် ဇွဲသတ္တိကို အောင်စစ်မင်းက တွဲလက်သီးများဖြင့် တုံ့ပြန်သည်။ သို့သော် ပထမအချီ ၁မိနစ် ၃၉စက္ကန့်တွင် အောင်စစ်မင်း ညာဖြတ်လက်သီးချက်မိပြီး ဇွဲသတ္တိ အနားတောင်းရသည်။ ဆက်ထိုးရာ ပထမအချီ ၁မိနစ် ၄၁စက္ကန့်တွင် အောင်စစ်မင်း အလဲထိုးဖြင့် အရှုံးပေးသွားရသည်။

အရှုံးပေး

မောင်မောင်(နှစ်ရှည်ဥယျာဉ်)နှင့် ကိုဦးလေး (အလင်းရောင်)တို့ပွဲတွင် ပထမအချီနှင့် ဒုတိယအချီအထိ သူတစ်ပြန် ကိုယ်တစ်ပြန် ယှဉ်ပြိုင်ကြသော်လည်း တတိယအချီ ၁မိနစ်၅၃စက္ကန့်အရောက်တွင် မောင်မောင်က ချုပ်ပြီး ဒူးဖြင့် ခေါင်းကိုတိုက်ချလိုက်ရာ ကိုဦးလေး အနားတောင်းရသည်။ စတုတ္ထအချီ၂မိနစ်၁၁စက္ကန့်အရောက် မောင်မောင်၏ ပြင်းထန်သောညာဖြတ်လက်သီး ကိုဦးလေး မျက်နှာထိမှန်ကာ ကိုဦးလေး အရှုံးပေးလိုက်ရသည်။

ဖိုးကေ(မန္တလေး)နှင့် မိုက်ခဲကျောက်ပွင့်တို့ပွဲကလည်း ပရိသတ်ကို ဟင်ခနဲ ဟာခနဲဖြစ်စေခဲ့သည်။

ဘယ်ညာဝိုက်လက်သီးအားကိုးသည့် ဖိုးကေ၏ လက်သီးချက်များ မျက်နှာကိုထိမှန်ကာ ပထမအချီ ၂မိနစ် ၁၀စက္ကန့်၌ မိုက်ခဲကျောက်ပွင့် လဲကျပြီး အရှုံးပေးရသည်။

သရေပွဲ

ဒေါနအောင်(ရွှေလက်ရာ)နှင့် ရှမ်းသွေးလေး(ဒေါင်းမြန်မာ)တို့ သူတစ်ပြန်ကိုယ်တစ်ပြန် ယှဉ်ပြိုင်သော်လည်း သရေပွဲဖြင့် အဆုံးသတ်ခဲ့သည်။

မြနန်းတော်(မြန်မာပြည်သား)၊ စောဂပရေမှူး (တွံတေး)တို့ပွဲတွင်မူ စောဂပရေမှူး၏ အားပါလှသည့် လက်သီးချက်နှင့် ဒူးတိုက်ချက်များကြောင့် စတုတ္ထအချီအရောက် မြနန်းတော် အရှုံးပေးသွားရသည်။ ။ **(မြန်မာ့အလင်း)**

ဟော့ပိတ်သတင်း **မောင်မောင်မြင့်ဆွေ**

ဂါဇာကမ်းမြောင် အခြေအနေတင်းမာ အစ္စရေးတို့တိုက်ခိုက်၊ ဂါဇာ၌ ၉၅ ဦးသေဆုံး

ဂါဇာ မတ် ၂

ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်း ဂါဇာမြို့သို့ မတ်၂ရက်က အစ္စရေးတိုက်လေယာဉ်များ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ကလေးငယ်များအပါအဝင် **(အပေါ်ပုံ)** အများအပြားသေဆုံးဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

အစ္စရေးတောင်ပိုင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်မှုနှင့် အစ္စရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးတိုက်လေယာဉ်များက ဂါဇာကမ်းမြောင်ဒေသရှိ ဂါဇာမြို့ပေါ်သို့ သုံးရက်ဆက်တိုက် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ မတ် ၂ရက်အထိ ပါလက်စတိုင်း ၉၅ဦး သေဆုံးခဲ့ပြီဖြစ်သည်။

လွန်ခဲ့သည့်သုံးရက်က ဂါဇာမြို့တွင်းသို့ ဝင်ရောက်လာသော အစ္စရေးတပ်ဖွဲ့ဝင်များပစ်ခတ်မှုကြောင့် ပါလက်စတိုင်းလူငယ်တစ်ဦး သေဆုံးခဲ့ရမှုအပေါ် ပါလက်စတိုင်းတို့က အစ္စရေးတို့အား ဆန့်ကျင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။

အစ္စရေးတို့က လေကြောင်းမှတိုက်ခိုက်မှုနှင့် ဂါဇာမြို့အတွင်း ဝင်ရောက်စီးနင်းမှုများကို တုံ့ပြန်သည့်အနေဖြင့် ပါလက်စတိုင်းတို့က ပြန်လည်တိုက်ခိုက်နေရာ အခြေအနေမှာ ရှုပ်ထွေးလျက်ရှိသည်။ **(အင်တာနက်)**

အင်တာနက်အားကစားသတင်း

လီဗာပူးက ဘော်လ်တန်ကို အနိုင်ရ

လန်ဒန် မတ် ၂

ပရီမီယာလိဂ်ပွဲစဉ်(၂၈)လက်ကျန်ပွဲအဖြစ် ဘော်လ်တန်နှင့် လီဗာပူးတို့ ယနေ့ ဆက်လက်ယှဉ်ပြိုင်ရာ လီဗာပူးက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ လီဗာပူးအတွက် ဂိုးများကို ၁၂မိနစ်၌ ဘော်လ်တန်ဂိုးသမား ဂျာစကီလိုင်နင်အမှားကြောင့် လက်ဆောင်ဂိုးရရှိပြီး မိနစ် ၆၀၌ လီဗာပူး တိုက်စစ်မှူး ဘာဘယ်လ်က တစ်ဂိုးနှင့် ၇၅မိနစ်တွင် လီဗာပူးနောက်ခံလူ အော်ရယ်လီရိုက တစ်ဂိုးသွင်းယူခဲ့သဖြင့် သုံးဂိုးရရှိခဲ့သည်။ ဘော်လ်တန်အတွက် ချေပဂိုးကို ၇၉မိနစ်၌ ကိုဟမ်က ခေါင်းတိုက်သွင်းယူခဲ့သည်။ လီဗာပူး ယခုပွဲအနိုင်ရရှိသဖြင့် တန်းစီဇယားထိပ်ဆုံးမှ အာကြီးတို့နှင့် တစ်ပွဲလျော့ ၁၅မှတ်ကွာဟနေဆဲဖြစ်သည်။

ပဲခူးမြို့ ဟသ်ာကုန်းစေတီတော် ဗုဒ္ဓပူဇနီယပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂

ပဲခူးမြို့ သမိုင်းဝင် ဟသ်ာကုန်းစေတီတော်မြတ်ကြီး၏ (၁၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၆၉ခုနှစ် တပေါင်းလဆန်း ၁၂ရက်မှ တပေါင်းလပြည့်နေ့(မတ် ၁၈ရက်မှ ၂၁ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

မတ် ၁၈ရက် နံနက် ၈နာရီတွင် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပပြီး ထိုနေ့မှစ၍ ၂၁ရက်အထိ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်၍ ၂၀ရက် ညနေ ၅နာရီတွင် ဆွမ်းတော်ကြီးတင်လှူလျက် ၂၁ရက် နံနက် ၅နာရီတွင် ဆွမ်းတော်ကြီးကပ်လှူပြီး အနေကဇာတင်မည်ဖြစ်သည်။

ဆက်လက်ကျင်းပ

ထိုနေ့ ညနေ ၃နာရီတွင် သံဃာတော် ၁၀၈ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပြီး ညနေ ၅နာရီတွင် လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှဝေကာ ၂၂ရက်မှ ၃၁ရက်အထိ ဒေဝါဒါနပူဇော်ပွဲ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီး၏ တန်ဖိုးငွေကျပ်သိန်း၂၅၀ရှိ တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်မည်ဖြစ်သဖြင့် ရပ်နီးရပ်ဝေးမှ အလှူရှင်များ ဂေါပကရုံး ဖုန်း-၀၅၂-၂၁၈၉၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၃-၃-၂၀၀၈ (တနင်္လာနေ့)

AM & PM

- ၇:၀၀- ၁:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅- ၁:၀၅ **"လောကကြီးကို ဘာကြီးစိုးသလဲ" တရားတော် (မဟာသဒ္ဓမ္မဇောတိကဓဇ မြကျောက်ဆရာတော် ဘဒ္ဒန္တ ခေမာစာရ)**
- ၈:၀၀ - ၂:၀၀ Soccer Update
- ၈:၁၅- ၂:၁၅ ဖွံ့ဖြိုးစုံစွာမင်္ဂလာဒုံ စက်မှုဇုန်မှာ
- ၈:၃၅- ၂:၃၅ ဝိပရိဏာမဒုက္ခ(အပိုင်း-၁) (ဆရာကြီးဦးဌေးအောင်)
- ၉:၀၅- ၃:၀၅ ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ
- ၉:၂၅- ၃:၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၃၅- ၃:၃၅ လောကီလောကုတ္တရာ နှစ်ဖြာအောင်မြင် အာယုဒီဃပျိုးဥယျာဉ်
- ၁၀:၁၀- ၄:၁၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၁၅- ၄:၁၅ တေးဂီတအစီအစဉ်
- ၁၀:၂၀- ၄:၂၀ MRTV-4 စာအုပ်စင်ကဏ္ဍ (ဒေါက်တာစိုးလွင်နှင့်တွေ့ဆုံခြင်း)
- ၁၀:၄၅- ၄:၄၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၅၀- ၄:၅၀ နိုင်ငံရပ်ခြားအတွေ့အကြုံနှင့် စွဲမက်ဖွယ်ရာအရသာ (ဂရိစတိုင်လ်)
- ၁၁:၀၅-၅:၅၀ တေးဂီတအစီအစဉ်
- ၁၀:၁၀-၅:၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၂၀-၅:၂၀ MRTV-4 ကျန်းမာရေးကဏ္ဍ (လေးဖက်နာနှလုံးရောဂါ အကြောင်းသိကောင်းစရာ) (ပါမောက္ခဒေါက်တာ ခင်မေစန်းနှင့်တွေ့ဆုံခြင်း)
- ၁၁:၄၀-၅:၄၀ တေးဂီတအစီအစဉ်
- ၁၁:၄၅-၅:၄၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၅၅-၅:၅၅ **အလှကိုယ်စီရှိကြသည်** အကယ်ဒမီထက်ထက်မိုးဦး၊ ပိုင်သိခ်၊ ရိုတ၊ နှင်းအိဝင်း [ဒါရိုက်တာဝေဠု(ဝဿန်)]
- ၁၂:၀၅-၆:၀၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာအေးခိုင်ဇာလတ်)
- ၁၂:၂၅-၆:၂၅ တေးဂီတအစီအစဉ်
- ၁၂:၃၀-၆:၃၀ အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲ
- ၁၂:၄၅-၆:၄၅ တေးဂီတအစီအစဉ်
- ၁၂:၅၀-၆:၅၀ ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
- ၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အင်းစိန်မြို့နယ် ဆဋ္ဌအကြိမ် သံဃာ့ဝန်ဆောင် ပထမနှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၂

အင်းစိန်မြို့နယ် ဆဋ္ဌအကြိမ် သံဃာ့ဝန်ဆောင် ပထမနှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၈ရက် မွန်းလွဲ ၁နာရီက ရွာမ ပရိယတ္တိစာသင်တိုက်ရှိ သိမ်ကျောင်းဆောင်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

တင်ပြလျှောက်ထား

ထို့နောက် ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တသူရိယက ဩဝါဒကထာ၊ မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တ ကောဝိဒကနိဒါနကထာ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဘဒ္ဒန္တ သုနန္ဒက သာရဏီယကထာမိန့်ကြားတော်မူကြပြီး မြို့နယ်အတွင်းရေးမှူး ဦးဟုတ်စွန်က သာသနာရေးဆိုင်ရာများ လျှောက်ထားကာ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တခေမာစာရက တစ်နှစ်တာ ဆောင်ရွက်ချက်များကို တင်ပြလျှောက်ထား အတည်ပြုချက်ရယူ၍ အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တပညာသာရက နိဂမနကထာကို ဖတ်ကြားလျှောက်ထားသည်။

(က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

၁။ **ပတ်ဝန်းကျင်နိုင်ငံအချို့၌ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု**

(က) **တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှု။** ၂၀၀၈ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်နိုင်ငံများဖြစ်သည့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ တရုတ်၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုရှိကြောင်း သိရှိရပါသည်။

(ခ) **လူသို့ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှု။** ၁-၁-၂၀၀၈ ရက်မှ ၂၉-၂-၂၀၀၈ရက်အထိ နှစ်လအတွင်း အာရှနိုင်ငံသုံးနိုင်ငံတွင် လူသို့ နှစ်ဦးကူးစက်ပြီး သေဆုံးမှုရှိခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ၂၀၀၇ ခုနှစ် နိုဝင်ဘာလ၌ အသက်ခုနစ်နှစ်သမီးအရွယ်တစ်ဦးမှာ ကြက်ငှက်တုပ်ကွေးရောဂါပိုးတွေ့ခဲ့သော်လည်း ပြန်လည်ကျန်းမာလာခဲ့သည်။

၂။ **မြန်မာနိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်စဉ်များနှင့် ဖြစ်စဉ်အပေါ် ခြုံငုံသုံးသပ်ချက်**

(က) ကြက်ငှက်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံအတွင်း ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဖြစ်ပွားခဲ့ပြီး ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလတွင် ဒုတိယအကြိမ်၊ ၂၀၀၇ ခုနှစ် နိုဝင်ဘာလတွင် နောက်ဆုံးဖြစ်ပွားခဲ့ရာ စုစုပေါင်းပြည်နယ်၊ တိုင်း ခြောက်ခုရှိ မြို့နယ် ၂၅ ခုတွင် ဖြစ်ပွားခဲ့ပါသည်။

(ခ) အဆိုပါ ရောဂါဖြစ်စဉ် သုံးကြိမ်အား ခြုံငုံသုံးသပ်ပါက ရောဂါကျရောက်မှုသုံးခုစလုံးတွင် ရောဂါဇာစ်မြစ်မှာ နိုင်ငံ၏ပြင်ပမှ ဝင်ရောက် ကူးစက်ခဲ့ကြောင်း၊ ကမ္ဘာ့အအေးပိုင်းဒေသများမှ ရောက်ရှိလာသော ဆောင်းခိုငှက်များနှင့် နိုင်ငံအတွင်းရှိ သဘာဝငှက်ရိုင်းများ ထိတွေ့ကူးစက်ပြီး ငုံးနှင့် အိမ်မွေးကြက်ဘဲများသို့ ကူးစက်ခြင်း၊ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်းများနှင့် မွေးမြူရေး အသုံးအဆောင်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်ရောင်းဝယ်ဖောက်ကားခြင်းမှ ရောဂါကူးစက်ပျံ့နှံ့ခဲ့ကြောင်း သုံးသပ်ရရှိပါသည်။

၃။ **ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေးအစီအမံ။** ကြက်ငှက်တုပ်ကွေးရောဂါ ဝင်ရောက်ကူးစက်မှုသည် ဆောင်းခိုငှက်များနားခိုသည့် ရာသီအချိန်ကာလ၊ ဇီဝလုံခြုံမှုနိမ့်ကျသော မွေးမြူမှုစနစ်၊ ရောင်းဝယ်ဖောက်ကားမှု ပုံစံများအရ ရောဂါဖြစ်စေသောဗိုင်းရပ်စ် (Causative agent)၊ ရောဂါလက်ခံ တိရစ္ဆာန်ကောင်(Susceptible animal)၊ ရောဂါကူးစက် လမ်းကြောင်း (Transmission route)တို့အပေါ် မူတည်၍ ဖြစ်ပွားကူးစက်ကြောင်း သုံးသပ်ရရှိပါသည်။ ယခုအခါ မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ထပ်မံမဖြစ်စေရန် နှစ်လကြာ ထိန်းသိမ်းထားနိုင်သည့် အခြေအနေတွင် ရောက်ရှိနေပါသည်။ သို့သော် မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင် အိမ်နီးချင်းနိုင်ငံများတွင် ကြက်ငှက်တုပ်ကွေးရောဂါ ပြောက်ကျားဖြစ်ပေါ်လျက်ရှိနေသောကြောင့် နိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါထပ်မံ ကူးစက်ဖြစ်ပွားမှုမရှိစေရန်နှင့် ရေရှည် ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ရောဂါပိုး၏ သံသရာစက်ဝန်းအား ဖြတ်တောက်ခြင်းဖြင့် ဟန့်တားကာကွယ်ရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ ကြက်ငှက် မွေးမြူထုတ်လုပ်သူ၊ ရောင်းဝယ်ဖောက်ကားသူ၊ စားသုံးသူ ပြည်သူလူထုအနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရာတွင် အခြေခံကျသည့် အောက်ဖော်ပြပါအချက်များအား ပူးပေါင်းပါဝင်လိုက်နာ ဆောင်ရွက်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) **ကြက်ငှက်တုပ်ကွေးရာသီ၌ ဇီဝလုံခြုံမှု မြှင့်တင်ခြင်းဖြင့် ရောဂါကြိုတင်ကာကွယ်ခြင်း**

(၁) ကြက်ငှက်တုပ်ကွေးရောဂါသည် ဆောင်းကာလနှင့် ဆောင်းနှောင်းကာလများဖြစ်သော ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလတို့တွင် အများဆုံးကျရောက်ဖြစ်ပွားသည်ကို လေ့လာတွေ့ရှိရသဖြင့် ယင်းကာလအတွင်း ဆောင်းခိုငှက်များနှင့် ငှက်ရိုင်းများ နားခိုကျက်စားတတ်သည့်ချောင်း၊ မြောင်း၊ အင်းအိုင်အနီးပတ်ဝန်းကျင်၌ ကြက်၊ ဘဲများမွေးမြူခြင်းမပြုရန် သို့မဟုတ် ၎င်းကာလများ၌ မွေးမြူကောင်ရေ လျှော့ချမွေးမြူရန်နှင့် ဇီဝလုံခြုံမှုမြှင့်၍ မွေးမြူရန်၊

(၂) သဘာဝငှက်ရိုင်းနှင့် ကြားခံရောဂါပိုး သယ်ဆောင်နိုင်သည့် ခွေး၊ ကြောင်၊ ကြွက်၊ ငှက်စသည်များ၊ လူ့အသုံးအဆောင်နှင့် မွေးမြူရေး လုပ်ငန်းသုံးပစ္စည်းများမှ ရောဂါကူးစက်ပျံ့နှံ့မှု မဖြစ်ပေါ်စေရန် ကာကွယ်မှုအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုနှင့် ပိုးသန့်စင်မှုကို အတတ်နိုင်ဆုံး မြှင့်တင်ဆောင်ရွက်ရန်၊

(၃) အိမ်မွေးကြက်ငှက်များကို ဖိစီးဒဏ် (Stress) ဖြစ်စေနိုင်သည့်အချက်များ (ကောင်ရေကျပ်တည်း၊ အစာ/ ရေပြတ်လပ်၊ ရာသီဥတုဒဏ်)ကို သတိပြုရှောင်ကျဉ်ခြင်း၊ အစာအာဟာရ လုံလောက်မျှတစွာကျွေးခြင်းတို့ဖြင့် ကိုယ်ခံစွမ်းအားမြှင့်တင်ရန်။

(ခ) **မွေးမြူရေးစနစ်ပြောင်းလဲခြင်းဖြင့် ရောဂါကြိုတင်ကာကွယ်ခြင်း**

(၁) ရောဂါစူးစမ်းရှာဖွေလေ့လာမှုအရ အချို့ဘဲများတွင် ရောဂါခုခံမှု ပဋိပစ္စည်းတွေ့ရှိနေရပြီး ၎င်းဘဲများ မကျန်းမာဖြစ်သည့်အခါ အနီးဝန်းကျင်ရှိ ရောဂါကူးစက်လွယ်သော ကြက်၊ ငုံးများသို့ ရောဂါကူးစက်နိုင်သဖြင့် ဘဲ၊ မန်ဒါလီ၊ ကြက်ဆင်၊ ကြက်၊ ငုံးတို့အား ရောနှောမွေးမြူခြင်းမပြုဘဲ တိရစ္ဆာန်မျိုးစိတ် တစ်မျိုးချင်း သီးခြားထိန်းသိမ်းမွေးမြူသော မွေးမြူရေးစနစ်သို့ ပြောင်းလဲမွေးမြူရန်၊

(၂) ကြက်ငှက်များမွေးမြူရာတွင် လူနေအိမ်ခြေနှင့် သီးခြားဖြစ်သော နေရာဒေသ၌ လျာထားသတ်မှတ်၍ ခြံလှောင်စနစ်ဖြင့် စနစ်တကျ မွေးမြူရန်။

(ဂ) **ပြည်ပမှ ကြက်ငှက်နှင့် ကြက်ငှက်ထွက်ပစ္စည်းများ တရားမဝင် တင်သွင်း သယ်ဆောင် ရောင်းဝယ်ဖောက်ကားမှု မပြုလုပ်ခြင်း၊ ရောဂါဖြစ်ပွားမှု သတင်း ဆောလျင်စွာပေးပို့ခြင်းဖြင့် ရောဂါ ကြိုတင်ကာကွယ်ခြင်း**

(၁) ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားလျက်ရှိသည့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်နယ်မြေတစ်လျှောက် ကြက်ငှက်အရှင်နှင့် ကြက်ငှက် အသား၊ ဥစသည့် ကြက်ငှက်ထွက်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်တင်သွင်းသယ်ဆောင် ရောင်းဝယ် ဖောက်ကားမှုနှင့် ဝယ်ယူစားသုံးမှုမပြုရန်၊

(၂) မသင်္ကာဖွယ်ရာ ကြက်ငှက်သေဆုံးမှုရှိကြောင်း၊ ကြက်ငှက်နှင့် ကြက်ငှက်ထွက်ပစ္စည်းများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုရှိကြောင်းသိရှိရပါက ဒေသအာဏာပိုင်အဖွဲ့အစည်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆောလျင်စွာ သတင်းပေးပို့ရန်။

(ဃ) **ရောင်းဝယ်ဖောက်ကားမှုစနစ်ပြောင်းလဲခြင်းဖြင့် ရောဂါကြိုတင်ကာကွယ်ခြင်း**

(၁) ကြက်၊ ဘဲအရှင်ဈေးအား ကြက်၊ ဘဲအရှင် ထားသိုဖြန့်ဖြူးသည့်ဈေးအဖြစ် သီးသန့်ထားရှိ၍ ရောင်းဝယ်ဖောက်ကားရန်၊ ကြက်၊ ဘဲအရှင်ဈေးအတွင်း ကြက်၊ ဘဲများသတ်ဖြတ်ရောင်းဝယ်ဖောက်ကားခြင်း မပြုရန်နှင့် ကြက်၊ ဘဲအသားဈေးသီးခြား သတ်မှတ်၍ ရောင်းဝယ်ဖောက်ကားရန်၊

(၂) ကြက်၊ ဘဲများအား ဖောက်ထိုးထား၍ သယ်ဆောင်ခြင်းသည် တိရစ္ဆာန်အား ညှဉ်းပန်းနှိပ်စက်ရာ ရောက်သည့်အပြင် ကြက်၊ ဘဲများ၏နှုတ်သီး၊ ပါးစပ်မှ ကျသော အရိအရွဲများကြောင့် ခရီးလမ်းတစ်လျှောက်၌ ရောဂါကို ပျံ့နှံ့ကူးစက်စေနိုင်သဖြင့် ကြက်၊ ဘဲများအား ဖောက်ထိုးထား၍ သယ်ဆောင်ခြင်းမပြုရန်နှင့် တားမြစ်ရန်။

(ဃ) **မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပြည်သူလူထုတို့ ပူးပေါင်းပါဝင်ခြင်းဖြင့် ရောဂါကြိုတင်ကာကွယ်ခြင်း**

(၁) ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေရေးအတွက် သက်ဆိုင်ရာ ဌာနများမှ ကွင်းဆင်းဆောင်ရွက်သည့်အခါ မွေးမြူသူပိုင်ရှင်များမှ ပူးပေါင်းပါဝင်ကူညီရန်၊

(၂) ကြက်ငှက်နှင့် ကြက်ငှက်ထွက်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ပြီးတိုင်း လက်ကို ဆပ်ပြာနှင့် စင်ကြယ်စွာဆေးကြောရန်၊ ကြက်ငှက်နှင့် ကြက်ငှက်ထွက်ပစ္စည်း မွေးမြူသယ်ဆောင်ရောင်းဝယ်သူများ တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ရန်၊

(၃) ကြက်သား၊ ဘဲသားကို ပွက်ပွက်ဆူအောင် ချက်ပြုတ်စားသောက်ရန်နှင့် ကြက်ဥ၊ ဘဲဥကို အတွင်း အနှစ်ကျက်အောင် ကြော်/ချက်ပြုတ်ပြီးမှ စားသောက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

နိုင်ငံတော်သြဝါဒါစရိယ ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒဝံသ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ရခိုင်ရိုးကြီးကျေးရွာ ခမည်းတော် ဦးဘိုးကြွယ်၊ မယ်တော် ဒေါ်ချစ်တို့မှ ၁၂၈၁ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက် (စနေနေ့)တွင် ဖွားမြင်တော်မူသော သားဦးရတနာဖြစ်ပါသည်။

ရှင်၊ ရဟန်း ပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၁ခုနှစ်၊ တပေါင်း လဆန်း ၃ရက်တွင် ရခိုင်ရိုးကြီးကျေးရွာ ရွာဦးကျောင်း ဆရာတော် ဦးနိဂြောဓကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၃၀၀ ပြည့်နှစ်၊ ပထမဝါဆို လဆန်း ၈ ရက်တွင် ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်အတွင်းရှိ ခဏ္ဍသိမ်၌ ဘုရားဖြူကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရာဇိန္ဒ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ၆၂ လမ်း အမှတ် ၃၄ နေ ဒုတိယဗိုလ်မှူးကြီးတင်မြင့်-ဒေါ်ရင်မေတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် အသီတိကျောင်းဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ ဧရာဝတီတိုင်း ညောင်တုန်းမြို့ မဟာဝိသုတာရာမတိုက်သစ်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရေဝတ၊ ညောင်တုန်းမြို့ သာသနဇောတိက သုံးထပ်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသမဟာထေရ်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ အလယ်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသနှင့် ဂဏဝါစကဆရာတော်များ၊ မန္တလေးမြို့ မဟာဝေယံဘုံသာတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကလျာဏတို့ထံ၌ နိကာယ်ငါးရပ် ပိဋကတ်ကျမ်းစာများကို သင်ယူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၃၂ခုနှစ်မှစ၍ ရွာမပရိယတ္တိစာသင်တိုက်ကြီးကို စတင်ဖွင့်လှစ်ကာ စာသင်သားသံဃာတော်ခြောက်ရာကျော်တို့ကို အခြေခံစာဝါများနှင့် ဝိနည်းပိဋကတ်တော်များကို ပို့ချခြင်း၊ ဆွမ်းကွမ်းနေရာ စသောပစ္စည်းလေးပါးတို့ကို တာဝန်ယူဆောင်ရွက်ခြင်းနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့တွင် ရန်ကုန်တိုင်း လှိုင်မြို့နယ် သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ တိုင်း သံဃာ့ဝန်ဆောင် ဆရာတော်အဖြစ်လည်းကောင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၏(ပထမအကြိမ်) (ဒုတိယအကြိမ်) နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် လည်းကောင်း၊ အင်းစိန်မြို့နယ် ဖောင်တော်ဦးဘုရားကြီး ဂေါပကအဖွဲ့၏သြဝါဒါစရိယ၊ အင်းစိန်မြို့ ပြည်သူ့ဆေးရုံကြီး သံဃာ့ဆေးကုသဆောင်၏ သြဝါဒါစရိယ၊ အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝိနယာဓိက ပရိယတ္တိသာသနာပြုအသင်းကြီး၏ အာဒိကမ္မိက ပဓာနနာယက၊ အောင်ဆန်းမြို့ တောရတပ်ဦးကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာခွဲအမှတ်(၇၇)၏ သြဝါဒါစရိယ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၏ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယဂဏဝိနာယကအဖြစ်လည်းကောင်း၊ နိုင်ငံတော် သြဝါဒါစရိယဆရာတော်အဖြစ် သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ၊ သိက္ခာကာမစသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၅၇ ခုနှစ် (၁၉၉၆ခုနှစ်)တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၃၆၈ခုနှစ် (၂၀၀၇)ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို လည်းကောင်း ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်းမှ သက်တော် ၈၈နှစ်၊ သိက္ခာတော် ၆၉ဝါအရ ၁၃၆၉ခုနှစ် တပို့တွဲလပြည့်ကျော် ၈ရက်(၂၀၀၈ခုနှစ် ဖေဖော်ဝါရီလ ၂၉ရက်) သောကြာနေ့ ညသန်းခေါင်ယံ ၁၁နာရီ မိနစ်၂၀ အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

မိဘကျေးဇူးဆပ် ဓမ္မသဘင်ကျင်းပမည်

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ၆ ရပ်ကွက် ကုန်းဘောင် ၁၀ လမ်း (အောက်လမ်း)တွင် မိဘကျေးဇူးဆပ် ဓမ္မသဘင်ကျင်းပမည်ဖြစ်ရာ မတ် ၆ရက်ညတွင် အရှင်ခေမိန္ဒ(စစ်ကိုင်း ခင်မကန်ဆရာတော်)၊ ၇ ရက်ညတွင် အရှင်အာစာရာလင်္ကာရ (နိုင်ငံတော်ကိုးဘွဲ့ရ၊ စစ်ကိုင်း ရွှေဟင်္သာဆရာတော်)၊ ၈ ရက်ညတွင် အရှင်ပညာဝံသ (ဝါးခယ်မ ဆရာတော်) အရှင်သူမြတ်တို့က တရားဓမ္မများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၂

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၆)ကြိမ်မြောက် တပ်မတော်နေ့ (ကြည်း၊ ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲကို ယမန်နေ့ နံနက် ၆ နာရီက နေပြည်တော်ရှိ စုရပ်စစ်ရေးပြကွင်း(သစ်တပ်)၌ ဒုတိယနေ့အဖြစ်ဆက်လက်ကျင်းပရာစစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဝင်များ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ စစ်တီးဝိုင်းပြိုင်ပွဲ အမှတ်ပေးအကဲဖြတ် ဒိုင်အဖွဲ့ဝင်များ၊ တပ်မတော် (ကြည်း၊ရေ၊လေ)မှ အရာရှိ၊စစ်သည်များ တက်ရောက်ကြသည်။

ယှဉ်ပြိုင်

ဒုတိယနေ့ပြိုင်ပွဲတွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)ကအောင်လံလွှင့်ခဲ့ ဒို့တပ်မတော်၊မျိုးချစ်ဇာနည်၊ အောင်ပွဲရတဲ့ ဒို့စစ်သည် စစ်ချီတေးများဖြင့်လည်းကောင်း၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)က ရဲဇာနည်၊ တပ်မတော်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ် စစ်ချီတေးများဖြင့်လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)က ပြည်သူ့သားစစ်သည်၊ အောင်လံလွှင့်ခဲ့ဒို့တပ်မတော်၊ ကျန်ရှိနေသေးသော တာဝန်တစ်ရပ် စစ်ချီတေးများဖြင့်လည်းကောင်း၊အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက တပ်မတော်၊ တူယှဉ်ကာတိုက်စို့၊ အောင်လံလွှင့်ခဲ့ ဒို့တပ်မတော်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ် စစ်ချီတေးများဖြင့်လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၂)က စံပြတို့တပ်မတော်၊ ရဲသွေးရဲမာန်၊ မြန်မာအာဇာနည်၊ ပြည်သူ့သားစစ်သည်၊ ဒို့ရဲ့ ဗမာ့တပ်မတော် စစ်ချီတေးများဖြင့် လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၂)က အောင်ပွဲရတဲ့ ဒို့စစ်သည်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ် စစ်ချီတေး များဖြင့်လည်းကောင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက ထာဝစဉ်နှပျိုနေတဲ့ ဒို့တပ်မတော်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ် အောင်လံလွှင့်မယ့် ဒို့တပ်မတော် စစ်ချီတေးများဖြင့် လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)က ဒို့စစ်သား၊ ကျန်ရှိနေသေးသော တာဝန်တစ်ရပ်၊ အောင်လံလွှင့်ခဲ့ ဒို့တပ်မတော်၊ မျိုးချစ်ဇာနည် မျိုးမြန်မာပြည်ရွာ စစ်ချီတေးများဖြင့်လည်းကောင်း အသီးသီးပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့ပြနှင့် ကျေးလက် စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၂

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ပြည်နယ်နှင့်တိုင်း စည်ပင်သာယာရေးအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှင့် မြို့ပြနှင့်ကျေးလက်စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၉ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်၊တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများက မိမိတို့ ပြည်နယ်၊ တိုင်းအလိုက် ဆောင်ရွက်ပြီးစီးသော မြို့ပြနှင့် ကျေးလက် လမ်း၊ တံတားများနှင့် သန့်ရှင်းသော သောက်သုံးရေရရှိမှု အခြေအနေများကို လည်းကောင်း၊ ကျေးလက်ပြည်သူများအတွက်ကျေးလက်အိမ်ရာများ ဆောက်လုပ်ပေးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်နယ်၊တိုင်းများရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ နှင့် နယ်စပ်ဒေသများရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ အမှုဆောင်အရာရှိများ၊ တာဝန်ခံ အင်ဂျင်နီယာများက မြို့နယ်အလိုက် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများအပေါ် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်၊ တိုင်းအလိုက် မြို့ပြနှင့် ကျေးလက်စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများအပေါ် သုံးသပ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက အင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ဆောင်ရမည့်လုပ်ငန်းများကိုသုံးသပ်ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

စည်ပင်သာယာရေးဦးစီးဌာနမြို့နယ်စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် မြို့ပြလမ်း ၂၄၅ မိုင် ၀ ဒသမ ၇၃ ဖာလုံနှင့် ကျေးလက်လမ်း ၁၁၂၉မိုင် ၄ဒသမ ၃၂ ဖာလုံ စုစုပေါင်း ၁၃၇၄မိုင် ၅ ဒသမ ၀၅ ဖာလုံတို့အား အဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်ဖောက်လုပ်ခြင်းများ ဆောင်ရွက်ရန် လျာထားပြီး ဖေဖော်ဝါရီလကုန်အထိ ၂၂၆၂ မိုင် ၁ ဒသမ ၀၈ဖာလုံပြီးစီးပြီး ဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် မြို့ပြနှင့်ကျေးလက်လမ်းမိုင် ၅၉၃၆မိုင် နှစ်ဖာလုံ ရှိခဲ့ရာမှ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်ကုန်တွင် လမ်းမိုင် ၃၇၉၀၅မိုင် ဝဒသမ၀၅ဖာလုံ အထိ တိုးတက်ဆောင်ရွက်နိုင်ကြောင်းနှင့် မြို့ပြရေပေးဝေရေးလုပ်ငန်း ၄၃၁ခုနှင့် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်း၁၃၂၆ခု စုစုပေါင်း လုပ်ငန်း၁၇၅၇ခုဆောင်ရွက်ရန်လျာထားသည့်အနက် စုစုပေါင်းလုပ်ငန်း ၁၇၁၄ခု ပြီးစီးပြီးဖြစ်ကြောင်းနှင့် အပူပိုင်းဒေသ စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းတို့တွင်၂၀၀၀-၂၀၀၁ခုနှစ်မှစ၍ကျေးလက်သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ခဲ့ရာ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ကျေးလက်ရေရရှိရေး လုပ်ငန်းပေါင်း ၁၂၁၃၀ တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဘေး ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲကျင်းပ

ရန်ကုန် မတ် ၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်မြို့တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဟောပြောပွဲနှင့် မီးဘေးအန္တရာယ် လုံခြုံရေးသရုပ်ပြပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲပိုင်းက ရန်ကင်းမြို့နယ် စက်မှုလမ်းရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ် အစည်းအဝေးခန်းမနှင့် အထောက်အကူပြုဝင်းအတွင်း၌ကျင်းပရာ တောင်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးဝင်း (ဦးစီးအရာရှိ) ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းတို့ကို သရုပ်ပြသပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ အရာထမ်းများနှင့် အမှုထမ်းများ စုစုပေါင်းအင်အား ၃၀၀ ကျော် တက်ရောက်ကြသည်။ (အောက်ပုံ) (သတင်းစဉ်)

မိုးကုတ် ဝိပဿနာအဖွဲ့ချုပ် ဘောဇနဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီးအတွင်း စုပေါင်းဆောင်ရွက် ဆောက်လုပ်နေပြီဖြစ်သော လေးထပ်ဘောဇနဆောင်အတွက် ဗိုလ်မှူးထွန်းရှင်(ငြိမ်း)-(ဒေါ်ခင်စန်းမြင့်)မိသားစု ဗိုလ်တထောင်က ငွေကျပ်နှစ်သိန်း၊ ဒေါက်တာဝင်းကြိုင်-ဒေါက်တာရင်ရင်ဝင်း မိသားစု လသာက ငွေကျပ်တစ်သိန်း၊ ဦးကိုကို-ဒေါ်ရင်ရွှေသားသမီး၊မြေးတစ်စု မြောက်ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်က ငွေကျပ်တစ်သိန်း၊ Malvin Saw & Familyဦးမြင့်သိန်း:LL.S.A USဒေါ်လာ ၁၀၀၊ ဦးအောင်သိန်း-ဒေါ်ခင်သန်းအောင်မိသားစု မင်္ဂလာဒုံက ငွေကျပ်တစ်သိန်း၊ အဘွားဒေါ်စိန်အေးမိသားစု လှိုင်မြို့နယ်က ငွေကျပ်ငါးသိန်း၊ ဦးချစ်တင်-ဒေါ်သိန်းဟန်မိသားစု ကျောက်တံတားက ကျပ်တစ်သိန်း၊ ဒေါ်အေးတင်မိသားစု လှိုင်မြို့နယ်ကငွေကျပ်တစ်သိန်းတစ်သောင်း၊ ဦးကျော်နိုင်ဦး(ထွန်းရတနာဆန်ပွဲရုံ) ဘုရင့်နောင်က ငွေကျပ်နှစ်သိန်း အသီးသီးလှူဒါန်းကြသည်။ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း-၅၄၁၈၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

101 Hair Tonic ဆံပင်ပေါက်ဆေးမိတ်ဆက်

ရန်ကုန် မတ် ၂

ဦးအစီ မိသားစုကုမ္ပဏီလီမိတက်က မြန်မာနိုင်ငံတစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထုတ်လုပ်သော ဆံပင်ပြန်လည်ရှင်သန်ပေါက်ရောက်စေသည့် အလှကုန် 101 Hair Tonic ဆံကေသာအတွက် အထူးသင့်လျော်သော 101 Proof Shampool 101 Nourishing Shampoolဝက်ခြံများကို ၁၈ရက်အတွင်း လုံးဝပျောက်ကင်းစေသည့် 101 E Acne Getaway အစရှိသော အလှကုန်ပစ္စည်းများကို မိတ်ဆက်ပေးပြီး 101 Hair Tonic အသုံးပြု၍ အကောင်းဆုံးတိုးတက်ကောင်းမွန်လာသူအား ရွေးချယ်သည့် အခမ်းအနားကို မတ်၁ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Parkroyal Hotel (Grand Ballroom) ၌ ကျင်းပသည်။

ပြိုင်ပွဲကျင်းပ

ရှေးဦးစွာ ဦးအစီ မိသားစု ကုမ္ပဏီလီမိတက်၏ ဆံပင်နည်းပညာရှင်ကိုဆွေအောင်ခိုင် **(အပေါ်ပုံ)**က ကြိုဆိုနှုတ်ခွန်း ဆက်စကားပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Miss Zhang Li က 101 Hair Tonic သုံးစွဲပြီး ဆံကေသာ ပြန်လည်ကျန်းမာသန်စွမ်းလာမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် 101 Hair Regrowth Centre (1),(2),(3),(4), တို့တွင် 101 Hair Tonic အသုံးပြုနေသော 101 Customer ၂၇ဦးက Hair Tonic အသုံးမပြုမီပုံနှင့် အသုံးပြုပြီး ဓာတ်ပုံများကို နှိုင်းယှဉ်၍ ဆံကေသာ အတိုးတက်ဆုံးသူအား ရွေးချယ်မှုပြိုင်ပွဲကို ကျင်းပသည်။

ကာကွယ်ပေး

101 ခေါင်းလျှော်ရည်သည် ဗောက်ပျောက်စေခြင်း၊ ဆံကေသာ ရှင်သန်မှုကို အားပေးခြင်း၊ ဆံပင်အကျွတ်များခြင်းမှ သိသိသာသာ ကာကွယ်ပေးခြင်း၊ ဆံပင်အဖျား နှစ်ခွဖြစ်ခြင်းကို ကာကွယ်ပေးခြင်း၊ ဆံပင်ပျော့ခြင်းစသည့် အကျိုးအာနိသင်များစွာရှိပြီး ထိုခေါင်းလျှော်ရည်ကို အသုံးပြုခြင်းဖြင့် ဆံပင်အမွေးအိတ်များ အောက်ခြေရှိ ဆံချည်မျှင်သွေးကြောငယ်များ သွေးလည်ပတ်မှုပုံမှန်ဖြစ်စေခြင်းတို့ကြောင့် ဆံကေသာ ကျန်းမာရေးကိုအစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးသည်။ အသေးစိတ်သိလိုပါက ရန်ကုန်မြို့ အမှတ် ၁၁၅ လမ်း၂၀ လသာမြို့နယ် ဖုန်း-၀၁-၂၅၁၂၃၀၊ အမှတ်၁၅ သပြေညိုလမ်း စမ်းချောင်းမြို့နယ် ဖုန်း၀၁- ၅၁၈၀၈၈၊ အမှတ်၅၅ ကျောက်မြောင်းဈေးလမ်း တာမွေမြို့နယ် ဖုန်း-၀၁-၅၅၄၃၉၁နှင့် မန္တလေးမြို့တွင် မ/၁၀၊ ၇(ပ)၊ ၆၅လမ်း ချမ်းမြသာစည်မြို့နယ် ဖုန်း-၀၂-၆၂၂၅၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂

နတ်မောက်စက်မှုလက်မှု အထက်တန်းကျောင်းအမှတ်(၁)၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်တိုင်းကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ရွှေရတုအချိန်ကျော်ပြီး ကျောင်းတော်ကြီးတွင် ခေတ်အဆက်ဆက် ပညာသင်ကြားပေးခဲ့သော အငြိမ်းစားဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ပွဲသို့ မပျက်မကွက်တက်ရောက်ကြပါရန်နှင့်အလှူငွေနှင့် ကန်တော့ပစ္စည်းများပါဝင် လှူဒါန်းလိုသူများသည် ဦးလှထွန်း ဖုန်း-၀၉-၈၀-၂၂၉၅၆၊ ဦးအေးကြူ ဖုန်း-၆၄၁၉၁၂၊ ဦးနေလင်း ဖုန်း-၂၉၂၅၆၈၊ ၀၉-၅၀-၂၇၄၄၉၊ ဦးမြင့်ဟန် ဖုန်း-၅၃၅၀၅၀၊ ဦးစိုးဝင်း ဖုန်း-၆၅၀၁၅၃၊ ၂၉၀၃၄၅နှင့် ဦးဝင်းတင် ဖုန်း-၅၆၃၆၉၈ တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကုလားတို့ကျေးရွာ စာသင်တိုက်၊ မော်လမြိုင် ပန်းဘဲတန်း မင်းကျောင်းစာသင်တိုက်နှင့် ကြာအင်းဆိပ်ကြီး သံပုရာကျောင်းတိုက်တို့တွင် ကျပ်၂၂သိန်းတန်ဖိုးရှိ ရေသန့်စက်၊ ရေချမ်းစင်များ တပ်ဆင်လှူဒါန်းနိုင်ရန်အတွက် ပထမအရစ် အလှူငွေကျပ်လေးသိန်းကို အလှူရှင်ဦးတင်အောင်-ဒေါ်မြင့်အေးတို့က ဒုတိယဥက္ကဋ္ဌ ဦးကိုလေးထံ ပေးအပ်စဉ်။ (က-ပ)

မီးဘေးရှောင် မလောင်ခင်တား

သစ်လုံးတင်ကားဘီးပေါက်၍ တိမ်းမှောက်

ပိန်းဇလုပ် မတ် ၂

ယာဉ်မောင်း ဦးမင်းမင်းလတ် (၃၂နှစ်) (အဖ)ဦးဟန်တင် မောင်းနှင်ပြီး လှိုင်းတက်မြို့မှ ရန်ကုန်မြို့သို့ သစ်လုံးများ တင်ဆောင်မောင်းနှင်လာသော အမှတ် ၆က/၂၂၈၅ယာဉ်သည် ဖေဖော်ဝါရီ၂၈ရက် နံနက်၉နာရီ မိနစ် ၄၀ ခန့်က ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့အနီး ရန်ကုန်-မန္တလေး လမ်းမကြီး မိုင်တိုင်အမှတ်၁၀၇/၅ အနီးတွင် ရှေ့ညာဘက်ကားဘီးပေါက်၍ တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ (ယာပုံ)

အဆိုပါ သစ်လုံးတင်ကား တိမ်းမှောက်မှုဖြစ်ပွားရာသို့ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်၍ လိုအပ်သောပံ့ပိုးမှုများကို ဆောင်ရွက်ပေးခဲ့ပြီး ပိန်းဇလုပ် ရဲတပ်ဖွဲ့စခန်းမှလည်း အမှုဖွင့်အရေးယူ ထားကြောင်း သိရသည်။ (ဝ၆၅)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

ကြက်ခြံမှ အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

မန္တလေးတိုင်း အမရပူရမြို့နယ် ကျန်တန်းရပ်ကွက် ပေါက်ပေါက်တန်းရပ်တွင် ရပ်ကွက်အတွင်း စီးပွားဖြစ် ကြက်မွေးမြူလျက်ရှိရာ ၎င်းမွေးမြူရေးလုပ်ငန်းမှ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ပေါက်ပေါက်တန်းသား

ကျူးကျော်ဆိုင်ခန်း ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက် စပယ်ခြံ စမ်းချောင်းလမ်း နေအိမ်တစ်အိမ်ရှေ့ မျက်နှာစာ ပလပ်မြေနေရာပေါ်၌ ဆောက်လုပ်ထားသော ဈေးဆိုင်သည် ဈေးဆိုင်ကို အကြောင်းပြု၍ မကောင်းမှု ဒုစရိုက်လုပ်ငန်းများ နေ့စဉ် ဆောင်ရွက်နေပါသဖြင့် အဆိုပါ ကျူးကျော်ဈေးဆိုင်ခန်းအား လိုအပ်သလို အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အမြင်မတော်သူ

မုန့်ဟင်းခါးဖိုမှ အပုပ်ရည်များ စည်းကမ်းတကျ စွန့်ပစ်စေချင်

စာတည်းရှင့်-

ဟင်္သာတမြို့ ရွှေကူရပ်ကွက် ဒုံးပျံလမ်းရှိ မုန့်ဟင်းခါးဖိုတစ်ခုမှ အပုပ်ရည်များကို ရပ်ကွက်အတွင်း နေ့စဉ် စည်းကမ်းမဲ့ သွန်နေသဖြင့် အပုပ်နံ့များကို သက်ကြီး ရွယ်အိုများ ရှူရှိုက်နေရပါသောကြောင့် အပုပ်ရည်များ စည်းကမ်းတကျ စွန့်ပစ်နိုင်ရေးအတွက် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

သက်ကြီးရွယ်အိုများ

ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ပေးစေလို

စာတည်းခင်ဗျား-

ပဲခူးမြို့တွင်း ပဲခူးမြစ်ကူးတံတားထိပ် ပန်းလှိုင်ဘက်ခြမ်းနှင့် ဈေးကြီးသို့ကူးသောနေရာတွင် လမ်းဖြတ်ကူးသူများ အလွန်ရှုပ်ထွေးပြီး စတိုးဆိုင်ကြီးများရှေ့၌ ဆိုက်ကား၊ စက်ဘီး၊ ဆိုင်ကယ်များ လမ်းပိတ်၍ ခရီးသည်ခေါ်တင်နေကြပါသည်။ သုံးဘီးဆိုင်ကယ်အချို့ကလည်း လမ်းပြောင်းပြန် မောင်းနေကြရာ ယာဉ်အန္တရာယ် စိုးရိမ်ရပါ၍ သက်ဆိုင်ရာမှ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ယာဉ်အန္တရာယ်ကင်းစေလိုသူ

သစ်ဂိုဒေါင်နှင့်သစ်ခွဲစက် ရွှေ့ပြောင်းပေးပါ

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်မြောက်ပိုင်း (၄၁) ရပ်ကွက် ရာဇာဓိရာဇ်လမ်းနှင့် ယုဇနလမ်းထောင့်ရှိ အိမ်တစ်အိမ်သည် နောက်ဖေးလမ်းကြားကိုပိတ်၍ သစ်ဂိုဒေါင်နှင့် သစ်များခွဲစိတ်လုပ်ကိုင်လျက်ရှိရာ သစ်ခွဲစက်သံ၊ ခွဲပြီးသစ်နှင့် သစ်လုံးများ တင်ချသံ၊ သစ်စက်မှ ညော်နံ့ဆိုးများကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ နားမခံသာသည့်အပြင် ကျန်းမာရေးလည်း ထိခိုက်ပါသည်။ ထို့ပြင် ပွင့်လင်းရာသီရောက်ပြီ ဖြစ်၍ မီးဘေးအန္တရာယ် အလွန်စိုးရိမ်ရပါသည်။

သို့ဖြစ်ပါ၍ ရပ်ကွက်အတွင်းမှ အဆိုပါ သစ်ဂိုဒေါင်နှင့် သစ်ခွဲစက်အား သင့်တော်ရာသို့ ရွှေ့ပြောင်းပေးပါရန် တင်ပြအပ်ပါသည်။

ဒဂုံမြို့သစ်မြောက်ပိုင်းသူ

ပလိပ်ပြားချေးချွတ်သံ နားမခံနိုင်

စာတည်းခင်ဗျား-

ဗဟန်းမြို့နယ် ဆရာစံမြောက်/အနောက်ရပ်ကွက် အနောက်မြို့ပတ်လမ်းရှိ ခြံဝင်းတစ်ခုအတွင်း ပလိပ်ပြား ကြေးချွတ်သည့် လုပ်ငန်းကို ၂၄နာရီပတ်လုံး ဆူညံ ကျယ်လောင်စွာ လုပ်ကိုင်လျက်ရှိရာ ၎င်းလုပ်ငန်းမှ ထွက်ရှိသော ဆူညံသံများကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သော သက်ကြီးရွယ်အိုများ၊ နာမကျန်းဖြစ်နေသူများ အနှောင့်အယှက်ဖြစ်ရပါသဖြင့် အဆိုပါ ပလိတ်ပြား ကြေးချွတ်လုပ်ငန်းအား သက်ဆိုင်ရာမှ စိစစ်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူများ

မီးခိုးငွေ့ကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းရှင့်-

တောင်ဥက္ကလာပမြို့နယ်၁၀ရပ်ကွက် ၁၇လမ်း နေအိမ်တစ်အိမ်မှ တွင်ခုံနှင့် ဂဟေဆက်လုပ်ငန်းကို လျှပ်စစ်ဖြင့်လည်းကောင်း၊ ဓာတ်ဆီမီးစက်ဖြင့်လည်းကောင်း နေ့စဉ် နေ့ရောညပါ ပြုလုပ်နေပါသည်။ မီးစက်မှ အခိုးအငွေ့များကြောင့် ပတ်ဝန်းကျင်တွင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်လျက်ရှိသည့်အပြင် ဓာတ်ဆီသိုလှောင်ပြီး မီးစက်အသုံးပြုနေခြင်းကြောင့် မီးအန္တရာယ် စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မိဘတစ်ဦး

အနံ့ဆိုးများ ရှင်းလင်းဆောင်ရွက်ပြီးစီး

၂၈-၁-၂၀၀၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ တောင်ငူမြို့ ထီးနီးကုန်း လမ်းမတော် (ပုဂ္ဂလိက)စက်ရုံများမှ **စွန့်ပစ်အညစ်အကြေးများ၏ အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ပျံကျဈေးသည်များ ဖယ်ရှားပြီးစီး

၂၅-၂-၂၀၀၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ညောင်လေးပင်မြို့ ဗိုလ်ထိန်ဝင်းလမ်းနှင့် ဘူတာလမ်းဆုံပတ်လည်တွင် စည်းကမ်းမဲ့ပိတ်ဆို့ရောင်းချနေသော ပျံကျဈေးသည်များအား ဖယ်ရှားပေးရန်**နှင့်ပတ်သက်၍ ဖယ်ရှား ရှင်းလင်းပြီးကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

အသိအမြင်၊ အတွေ့အကြုံ ဗဟုသုတ တိုးပွားစေသည့် မဲခေါင်ဒေသ လူငယ်ချစ်ကြည်ရေး ခရီးမှတ်တမ်း

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း-အေးသန္တာသိန်း(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု-ကြည်ဝင်း

ရန်ကုန် မတ် ၂

မဲခေါင်ဒေသလူငယ်ချစ်ကြည်ရေး အဖွဲ့ဝင်များမှာ ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်သို့ ဇန်နဝါရီ၁၇ရက် မွန်းလွဲပိုင်း၌ ရောက်ရှိခဲ့ကြပြီ။ ထိုင်းလူငယ်ချစ်ကြည်ရေးအဖွဲ့ဝင်များ အနေဖြင့် စတင်အလုပ်ရှုပ်ကြပြီ။ ထိုင်းနိုင်ငံကို ရောက်လာပြီဆိုတော့ သူတို့တွေမှာ အိမ်ရှင်တွေဖြစ်ကြပြီလေ။

ထိုင်းနိုင်ငံသို့ရောက်ရောက်ချင်း လေ့လာရေးခရီးစဉ်ကိုစတင်လိုက်ပြီ။ စတင်သွားရောက်ရမည်က TK Park(Thailand Knowledge Park) TK Park သည် ခေတ်မီစာကြည့်တိုက်ကြီး ဆိုလျှင်လည်း မှားမည်မဟုတ်။ သုတ၊ ရသ စာအုပ် စာပေများ၊ ဂီတသံစဉ်ရှာဖွေမှု၊ တေးသီချင်း နားဆင်မှု၊ အင်တာနက်အသုံးပြုမှု၊ သိပ္ပံနှင့်နည်းပညာဘာသာရပ်များကို ကလေးမှအစ လူကြီးအထိ တစ်နေရာတည်းတွင် စုစည်းလေ့လာနိုင်ရာ ခေတ်မီနည်းပညာများကို အသုံးပြုထားသည့် စာကြည့်တိုက်ကြီးပင်ဖြစ်သည်။

ကြည့်ရှုခဲ့ကြ

ဗန်ကောက်မြို့ပေါ်ရှိ Grand Palace သို့ ဇန်နဝါရီ ၁၈ရက် နံနက်ပိုင်းတွင် ရောက်ရှိကြသည်။ Grand Palace အတွင်းရှိ မြဘုရားကို သွားရောက် ဖူးမြော်ကြည်ညိုခဲ့ကြရသည်။ ထို့ပြင် ရှေးခေတ် အယုဒ္ဓယမြို့၏ ခံတပ် အဆောက်အအုံကို ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ကာဖွင့်လှစ်ထားသည့် Discovery Musium သို့လည်း လေ့လာရေးခရီးတစ်ထောက် ရောက်ရှိခဲ့သည်။ Discovery Musium မှာ ထိုင်းနိုင်ငံနှင့် သုဝဏ္ဏဘူမိနယ်မြေ တစ်ခုလုံး၏ သမိုင်းကြောင်းမှသည် ယနေ့မျက်မှောက်ကာလအထိ အကြောင်းအရာများကို ပြသထားရာ ပြတိုက်ကြီးပင်။ ညပိုင်းတွင် SIAM NIRAMT ပြဇာတ်ရုံကြီး သို့ ရောက်ရှိခဲ့ပြီး ပြဇာတ်ကို ကြည့်ရှုခဲ့ကြသည်။ ဇာတ်ရုံကြီးအတွင်း တိုင်းရင်းသားကျေးရွာ ကဲ့သို့သော အိမ်ငယ်လေးများပါ ဆောက်လုပ်ပြထားသည်။

ထိန်းသိမ်းထား

အယုဒ္ဓယ မြို့ဟောင်းသို့ ဇန်နဝါရီ၁၉ရက် နံနက်ပိုင်း၌ သွားရောက်ရန် ထွက်ခွာခဲ့ကြသည်။ တည်းခိုရာ ဟိုတယ်မှ အယုဒ္ဓယမြို့ဟောင်းသို့ နှစ်နာရီနီးပါး ကားဖြင့် သွားရောက်ခဲ့ရသော်လည်း လမ်းခရီးတစ်လျှောက် အဖွဲ့လိုက် တေးသီချင်းများသီဆိုရင်း သွားရောက်ခဲ့ရာ နှစ်နာရီကြာခဲ့သည်ဟုပင် တစ်ဖွဲ့လုံး မထင်မှတ်ခဲ့။ အယုဒ္ဓယ မြို့ဟောင်းသို့ရောက်တော့ ဆင်စီး၍ သွားရောက်လေ့လာနေသူ အများအပြားကို တွေ့ရှိခဲ့ကြသည်။ အယုဒ္ဓယ မြို့ဟောင်းအတွင်း ရှေးဟောင်း အမွေအနှစ် လက်ရာများကို ယနေ့တိုင် ထိန်းသိမ်းထားသည်။

ညအလှ

ကျောက်ဖရား မြစ်ကြောင်း တစ်လျှောက် ခုတ်မောင်း ပြေးဆွဲသည့် အပျော်စီးသင်္ဘောပေါ်တွင် ကျောက်ဖရားမြစ်၏ ညအလှကို အဖွဲ့ဝင်များ ခံစားရင်း ထိုင်းနိုင်ငံအတွင်း ခရီးစဉ်မှာ ပြီးဆုံးခဲ့ပြီ။ နောက်တစ်နေ့ ကမ္ဘောဒီးယားနိုင်ငံသို့ ဆက်လက်ထွက်ခွာကြရတော့မည်။

အန်ကောဝပ်

အန်ကောဝပ်ဘုရားကျောင်းတည်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိဒ် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဇန်နဝါရီ ၂၀ ရက် မွန်းလွဲပိုင်း၌ ရောက်ရှိခဲ့ကြသည်။ ဆီရမ်ရိဒ်ပြည်နယ်မှာ ကမ္ဘောဒီးယားနိုင်ငံအတွင်း ကမ္ဘာလှည့် ခရီးသွားများကို ဆွဲဆောင်မှုအကောင်းဆုံးဒေသတစ်ခုပင်။

အန်ကောဝပ် ဘုရားကျောင်းအတွင်းတစ်လကြာပြသဖျော်ဖြေလျက်ရှိသည့် အန်ကောဝပ် သမိုင်းကြောင်း ပြဇာတ်ပြသမှုမှာ ယင်းနေ့၌ နောက်ဆုံး နေ့ရက်ပင်ဖြစ်သည်။ ဆီရမ်ရိဒ်ပြည်နယ်မှတာဝန်ရှိသူများ၏ စီစဉ်ပေးမှုကြောင့် အန်ကောဝပ် သမိုင်းကြောင်း ပြဇာတ်ကို ကြည့်ရှုခွင့် ရရှိခဲ့ကြသည်။

ပြုလုပ်ဆောင်ရွက်

လူငယ်ချစ်ကြည်ရေးခရီးစဉ်ဖြစ်သည်နှင့်အညီ ဇန်နဝါရီ ၂၁ ရက်၌ ဆီရမ်ရိဒ်ပြည်နယ်ရှိ အထက်တန်းကျောင်းသို့သွားရောက်ကာ ကျောင်းသားကျောင်းသူများနှင့် အမြင်ဖလှယ်ခြင်း၊ တေးသီချင်းများသီဆိုခြင်းနှင့် ရင်းနှီးခင်မင်မှုများရရှိစေရန် အဖွဲ့လိုက်ဂိမ်းကစားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဓလေ့စရိုက်

ယင်းမှတစ်ဆင့် ကမ္ဘောဒီးယားနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးစံများကို လေ့လာနိုင်ရန် ဖွင့်လှစ်ထားသည့် တိုင်းရင်းသားကျေးရွာသို့ ရောက်ရှိလေ့လာခဲ့ကြသည်။ တိုင်းရင်းသားကျေးရွာအတွင်း ကမ္ဘောဒီးယားလူမျိုးတို့၏ မင်္ဂလာဧည့်ခံပွဲကျင်းပပုံ၊ တိုင်းရင်းသားလူမျိုးစုများ၏ နေထိုင်မှုဓလေ့ သရုပ်ဖော်ဖြေဖျော်မှုများကို စိတ်ဝင်စားဖွယ် လေ့လာ တွေ့ရှိခဲ့ကြသည်။ အချို့တိုင်းရင်းသားများ၏ ဝတ်စားဆင်ယင်ပုံနှင့် နေထိုင်မှု ဓလေ့စရိုက်တို့မှာ မိမိတို့နှင့် အလွန်ဆင်တူသည်။

ဇန်နဝါရီ ၂၂ရက် နံနက်ပိုင်း၌ အေဒီ ၉၆၁ခုက ဘုရင်ရာဂျာဒါဗာမို -၂တည်ထားခဲ့ရာ Banteay Srey Temple နှင့် Bayon Temple များသို့ ရောက်ရှိလေ့လာခဲ့ကြသည်။ ကမ္ဘာလှည့်ခရီးသွားများအား ပိုမိုဆွဲဆောင်နိုင်ရန် ရှေးမူလက်ရာမပျက် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မွန်းလွဲပိုင်းရောက်တော့ ကမ္ဘာ့အံ့ဖွယ်များစာရင်းတွင် မှတ်တမ်းတင်ခြင်းခံရသည့် အန်ကောဝပ် ဘုရားကျောင်းသို့ ရောက်ရှိခဲ့ကြသည်။ အန်ကောဝပ် ဘုရားကျောင်းမှာ အေဒီ ၁၁၁၃ခုနှစ်မှ ၁၁၅၀ပြည့်နှစ် အထိ ဘုရင်ဆာဂါဗာမန်-၂က ကျောက်တုံးများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကပြဖျော်ဖြေ

ယင်းနေ့၌ ကျင်းပသော ညစာစားပွဲ၌ နိုင်ငံအသီးသီးမှ ရိုးရာယဉ်ကျေးမှုအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြရာတွင် မြန်မာအဖွဲ့အနေဖြင့် မန်းတောင်ရိပ်ခိုတေးသီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။ မိမိတို့က စင်မြင့်ထက်မှ ကပြဖျော်ဖြေကြစဉ် စင်အောက်မှ မဲခေါင်သူငယ်ချင်းများမှာ မိမိတို့၏ ကကွက်များကိုကြည့်ကာ သင်ယူကနေကြပုံမှာ ချစ်ခင်စဖွယ် အလွန်ကောင်းလှပေသည်။

လွန်ခဲ့သည့် နှစ်လလောက်မှ စတင်ဖွင့်လှစ်လိုက်သည့် Angkor National Musium သို့ ဇန်နဝါရီ ၂၃ရက်တွင် ရောက်ရှိလေ့လာခဲ့ကြသည်။ ယင်းမှတစ်ဆင့် လက်မှုပစ္စည်းများ ထုတ်လုပ်ရာ အလုပ်ရုံသို့လည်း ရောက်ရှိခဲ့ကြသည်။ အလုပ်ရုံအတွင်း သစ်သားနှင့် ကျောက်တုံး များမှနေ၍ ဗုဒ္ဓရုပ်ပွားတော်များနှင့် အသုံးအဆောင် ပစ္စည်းများကို အသေးစိတ်ထုလုပ်နေကြသည်ကို အဖွဲ့ဝင်များအနေဖြင့် စိတ်ဝင်စားဖွယ် တွေ့ရှိခဲ့ကြပြီး ရိုးရာလက်မှုပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများ ရောင်းချရာဈေးအတွင်း သွားရောက်ခဲ့ကြသည်။

နောက်တစ်နေ့တွင်မူ လာအိုနိုင်ငံသို့ ဆက်လက် ထွက်ခွာကြရမည်ဖြစ်သဖြင့် လာအို ခရီးစဉ်အတွက် ခရီးစဉ်အကြောင်း ကြိုတင်ရင်ခုန်ခံစားနေကြပေပြီ...။ ။

(မြန်မာ့အလင်း)

ထိုင်းနိုင်ငံ Grand Palace တစ်စိတ်တစ်ဒေသကို ဤသို့ တွေ့ရသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ Discovery Musium ရှေ့၌ မဲခေါင်ဒေသ လူငယ်ချစ်ကြည်ရေးအဖွဲ့ဝင်များ အမှတ်တရ ဓာတ်ပုံရိုက်ကူးခဲ့ကြစဉ်။

ကမ္ဘောဒီးယားနိုင်ငံ၌ မြန်မာလူငယ်အဖွဲ့ သင်္ကြန်တေးသီချင်းများဖြင့် ဤသို့ ကပြဖျော်ဖြေခဲ့ကြသည်။

အချို့တိုင်းရင်းသားများ၏ ဝတ်စားဆင်ယင်ပုံနှင့် နေထိုင်မှုဓလေ့စရိုက်တို့မှာ မိမိတို့နှင့် အလွန်ဆင်တူ။

ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိဒ်ပြည်နယ် အထက်တန်းကျောင်းမှ ကျောင်းသူကျောင်းသားများနှင့် မဲခေါင်ဒေသ လူငယ်ချစ်ကြည်ရေးအဖွဲ့ဝင်များ စုပေါင်း၍ လွန်ဆွဲပြိုင်ပွဲ ပြုလုပ်ခဲ့ကြသည်မှာ ...။

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ခရိုင်ချင်းဆက်လမ်းအမှတ်(၃) ရွှေဘို-ထီးချိုင့်လမ်းပိုင်းစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကန့်ဘလူမြို့နယ် ပဒီကြီးကျေးရွာ ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူမျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းစိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

နေပြည်တော် မတ် ၂

စစ်ကိုင်းတိုင်း ရွှေဘိုမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၈ နာရီတွင် ခရိုင်ချင်းဆက်လမ်းအမှတ်(၃) မိုင်တိုင်အမှတ် ၅၃/၂နှင့် ရွှေဘို-ကသာ-ကျောက်မြောင်းလမ်းဆုံရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရွှေဘိုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ခရိုင်ချင်းဆက်လမ်းအမှတ်(၃)ရှိ မိုင်တိုင်အမှတ် ၄၆/၆ မှ ၆၁/၅ အတွင်း လမ်း၊ တံတားနှင့် ရေကျော်များ တည်ဆောက်ပြီးစီးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လမ်းအကျယ် ပေ ၃၀ တိုးချဲ့ဖောက်လုပ်ရေးနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အရှည် ပေ ၄၀နှင့် အကျယ် ၁၀ ပေရှိ လင်ပန်းကျချောင်းတံတား တည်ဆောက်နေမှုကိုလည်းကောင်း၊ ရွှေဘိုနှင့် ခင်ဦးမြို့နယ်အစပ် မိုင်တိုင် အမှတ် ၆၁/၅ ၌ လမ်းဖောက်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၅ ●

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

အတည်ပြုသည့် မဲတစ်ပြား-ပန်းတိုင်ချီသည့်ခြေလှမ်းများ

ပြည်သူတို့ မျှော်မှန်းသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်ရေးနှင့် တည်တံ့ခိုင်မြဲရေး ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးနှင့် အမျိုးသားပညာရည် မြင့်မားရေးတို့သည် အဓိကကျသော အခြေခံလိုအပ်ချက်များဖြစ်ပါသည်။ ထိုအခြေခံကောင်းများကို တပ်မတော်သည် ပြည်သူနှင့်လက်တွဲ၍ ကြိုးပမ်းဖော်ဆောင်ပေးထားပြီးဖြစ်သည်။ ပြည်တွင်းပြည်ပအဖျက်သမားတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေမပေါ်ထွက်မီ၌ စိုးရိမ်ကြောင့်ကြစွာ ဟန့်တားနှောင့်ယှက်ကြသကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုရာ၌လည်း ဟန့်တား နှောင့်ယှက်ကြမည်ဖြစ်ရာ အဖျက်အန္တရာယ်မှန်သမျှ၏ ဦးတည်ချက်ကို နားလည်သိရှိပြီး အမျိုးသားရေးသတိ အစဉ်ရှိလျက် တွန်းလှန်ဖယ်ရှားသွားကြရမည်သာ ဖြစ်ပါသည်။

ခြင်ကျား(မအူပင်)၏ ဆောင်းပါး (စာ ၈ နှင့် ၉) တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး